# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၉) ရက် ၊ တနင်္ဂနွေနေ့ ၊ (29-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် နိုင်ငံတော်ကကျင်းပလျက်ရှိသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ




**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တက္ကသိုလ်၊ အခြေခံပညာကျောင်းများမှ ထူးချွန်တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများက မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**မန္တလေး ဇန်နဝါရီ ၂၈**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းနှင့် နိုင်ငံတော်က ကျင်းပလျက်ရှိသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသော အားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့က ကြီးမှူးကျင်းပသည့် လူငယ်ရေးရာကော်မတီစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀၀၀ ခန့် တက်ရောက်ကြသည်။

လူငယ်ရေးရာကော်မတီစုံညီပွဲတော်ကို လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်၊ အမျိုး၊ဘာသာ၊သာသနာ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



အလှူရှင်၏ ကမ္ပည်းမှတ်တမ်း

**“ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ”**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ ( Pali-Myanmar) ၊ ပါဠိ - ရိုမန် ( Pali-Roman)အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ်(Creamy Coated Paper) တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျ စိစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်း**အား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံ လျှင်(၂၀ သိန်း)**ကျပ်နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် ၊ ဖုန်း – ၀၉၄၂၈၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၁၆

ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတစ်ဝန်း အေးချမ်းဖွံ့ဖြိုးသာသနာတော် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားပူဇော်လျက်ရှိသော မင်္ဂလာကောင်းသတင်းမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့အတွက် ဝမ်းမြောက်ကြည်နူးဖွယ်ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၆ ရက် (ခရစ်နှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်)တွင် အဆိုပါဥယျာဉ်တော်အတွင်း၌ ကျင်းပခဲ့သည်ကို ဝမ်းမြောက်ဖွယ်ဖူးတွေ့ရသည်။

မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် ပင့်ဆောင်ပူဇော်ခဲ့သည်မှာ ပီဇောအဟုန်ဖြင့် သဒ္ဓါကြည်ညိုစိတ်တို့ ပေါ်ပေါက်လာစေသည်။ ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိသည်။ ယခုပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း (၁၊ ၂၊ ၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီး၏ စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ဖြစ်ရာ မည်မျှခက်ခဲစွာ အားထုတ်ဆောင်ရွက်ကြရသည်ကို သိနိုင်ပေသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာန၌ ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက် (ခရစ်နှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်) နံနက် ၈ နာရီတွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး မဟာဝိဇယရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုဌာနရှိ ဌာပနာတိုက်တော်တွင်းသို့ ထည့်သွင်းပူဇော်မည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ အဖိုးတန်ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများကို ဌာပနာရွှေသေတ္တာတော်များအတွင်းသို့ ထုံးတမ်းစဉ်လာများနှင့်အညီ ထည့်သွင်းကာ နံ့သာမှုန့်များပက်ဖျန်းယူဆောင်ခဲ့သည်မှာ ကြုံခေါင့်ကြုံခဲ မဟာကုသိုလ်ပွဲကြီးပင်ဖြစ်သည်။

ကြည်ညိုသဒ္ဓါဖြစ်ပွားရာမှန်သော အဆိုပါဌာပနာသွင်းလှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် ဌာပနာတော်တိုက်များအား နံ့သာရည်များပက်ဖျန်းပြီး ပါဠိဆရာတော်ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ပြီး တောင်းဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြား၍ မေတ္တာပြုအမျှဝေခဲ့သည်မှာ ကြည်နူးဝမ်းမြောက်စွာ သာဓုခေါ်ဖွယ်ရာဖြစ်သည်။

ယခုအခါ တစ်နိုင်ငံလုံး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်နေကြချိန်ဖြစ်သလို ယခုလို ခက်ခဲပင်ပန်းကြီးမားစွာ အားထုတ်ဆောင်ရွက်ခဲ့ရသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားနိုင်သည့်အတွက် သာသနာစည်ပင်ထွန်းကားခြင်း၊ တိုင်းပြည်အေးချမ်းဖွံ့ဖြိုးခြင်းဟူသော ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ ပြည့်ဝလာမည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ သာသနာတော် နေလိုလလို ထိန်လင်းကာ နိုင်ငံတစ်ဝန်း သာယာဝပြောစေမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါ မြတ်နိုးစွာဖြင့် ရှိခိုးပူဇော်ကာ ရေးသားအပ်ပေသည်။

## မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၆၃၄၂၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်နဲ့ ဥပုသ်နေ့ဖြစ်တာကြောင့် ဝေရောစနကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသကနေ လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုကြပြီး သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်ကြတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်တွေဆိုရင် ဘုရားဖူးဦးရေတိုးလာပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၉၆၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၅၉၂၀၀ လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၂၆၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

## ရေဝတီမြစ်အတွင်း မင်းကွန်းအနီးတွင် ရေဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၈**

ဧရာဝတီမြစ်အတွင်း မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင် ၁၉ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း လင်းပိုင်ထိန်းသိမ်းရေး ဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် လင်းပိုင်များ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များ၏ ကျက်စားနေထိုင်သည့်နေရာကို အတိအကျသိရှိနိုင်ရန် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက စက်လှေဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့နေထိုင် ကျက်စားလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်ထဲမှာ ရေနည်းကာလ ဖြစ်တာကြောင့် လင်းပိုင်တွေ အစာပေါတဲ့နေရာတွေကို မကြာခဏပြောင်းရွှေ့နေထိုင်ကျက်စားကြတယ်။ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း သွားကြည့်တော့ ဧရာဝတီလင်းပိုင်တွေ မင်းကွန်းအနီးမှာ ၁၉ ကောင်နေထိုင်ကျက်စားနေတာ တွေ့ခဲ့ရတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များကို ကျေးရွာများမှ ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ကျောက်ဆည်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ကျောက်ဆည်ဒေသမှ ဝင်ရောက်လာသည့်ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ ကျောက်ဆည်ဒေသမှ ပန်းမုန်လာများ နေ့စဉ်ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးနှုန်းများမှာ ပန်းမုန်လာ တစ်ပွင့်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောက်ဆည်ဒေသက ထွက်ရှိတဲ့ ပန်းမုန်လာပွင့်တွေ ဈေးတက်ပြီးတော့ အရောင်းအဝယ် ကောင်းနေပါတယ်။ မြေပြန့်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ ပန်းမုန်လာတွေ ဈေးကွက်အတွင်း နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ အောင်ပန်းဒေသကထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ ပန်းမုန်လာက စိုက်ပျိုးသူတွေလဲ နည်းလာပါတယ်။ ဒါပေမဲ့ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့ သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့ သီးနှံတွေလဲ အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် ပန်းမုန်လာများသည် ကျောက်ဆည်ဒေသ တစ်ဝိုက်မှ အဓိကထားစိုက်ပျိုးထွက်ရှိလာပြီး ကျန်ဒေသများမှ ထွက်ရှိမှုမရှိသေးကြောင်း၊ လက်ရှိ သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

ခရီးသွားဆောင်းပါး

# ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်ခရီးစဉ်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက် လောလောလတ်လတ် ပူပူနွေးနွေး သွားရောက်ခဲ့တဲ့ ခရီးစဉ်က ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်ခရီးစဉ်ပါ။ ဒီခရီးစဉ်ကို အရင်ကတည်းက သွားမယ်၊ သွားမယ်နဲ့ စဉ်းစားစီစဉ်ထားခဲ့ပေမဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် ပျက်သွားခဲ့ရပြီး အခုတစ်ခါမှ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ရတယ်။

လောက်ကိုင်မြို့ကိုသွားမယ်ဆိုရင် မန္တလေးကနေ မနက်စောစောထွက်တဲ့ ခရီးသည်တင်ယာဉ် ဗင်ကားလေးနဲ့ ခရီးသည်တစ်ယောက်ကိုငွေကျပ် ၈၀၀၀၀ ပေးရပြီး ညနေမိုးချုပ်ရင် လောက်ကိုင်မြို့ကို ရောက်ပါတယ်။ တည်းခိုနေထိုင် စားသောက်စရိတ်တွေမပါဘဲနဲ့ အသွားအပြန်ခရီးအတွက် လူတစ်ယောက်ကိုငွေကျပ် ၁၆၀၀၀၀ ကုန်ကျနေပါပြီ။ လောက်ကိုင်က တရုတ်-မြန်မာ နယ်စပ်မြို့တစ်မြို့ ဖြစ်နေသလို တည်းခိုစားသောက်စရိတ် အလွန်ကြီးမားများပြားလွန်းတယ်လို့ လေ့လာသိရှိထားရတယ်။ တစ်ညအတွက် အနိမ့်ဆုံး တည်းခိုခန်းစရိတ်ငွေကျပ် ၈၀၀၀၀ နဲ့ ထမင်းတစ်နပ်စာငွေကျပ် ၃၀၀၀၀၊ ရေသန့်ဘူးတစ်ဘူးကို ငွေကျပ် ၄၀၀၀ လောက်ရှိနေတယ်။ လူတစ်ယောက်ကို နှစ်ညအိပ် သုံးရက်ခရီးစဉ်အတွက် လမ်းစရိတ်အပါအဝင် တည်းခိုနေထိုင်စားသောက်စရိတ် အနည်းဆုံးငွေကျပ် ၅၀၀၀၀၀ လောက် ကုန်ကျနိုင်ပါတယ်။ ဒါကြောင့်မို့ အခုခရီးစဉ်အတွက် စရိတ်စကသက်သာနိုင်မဲ့နည်းလမ်းကို ရှာဖွေရတော့တယ်။

ပထမဆုံးတစ်ချက်အနေနဲ့ ခရီးသည်တင်ဗင်ကားနဲ့မသွားဘဲ မိမိခရီးသွားတိုင်း အသုံးပြုနေကျ မိမိရဲ့ ခွေးဘီလူးကားလေးနဲ့ပဲ သွားကြဖို့ပါ။ ကိုယ့်ကားနဲ့ကိုယ်သွားမယ်ဆိုရင် လူဦးရေများလေလေ စရိတ်သက်သာလေဖြစ်တာကြောင့် အနီးစပ်ဆုံးလိုက်ပါနိုင်မဲ့ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းတွေကို စည်းရုံးပြောကြားခဲ့ရတယ်။ မိမိခရီးသွားတိုင်း လိုက်ပါနေကျဖြစ်တဲ့ သမဝါယမကောလိပ်က ကထိကအငြိမ်းစား ဆရာကြီး ဦးတင်မောင်ဝင်း၊ မိမိရဲ့ငယ်သူငယ်ချင်း ကိုသိန်းဝင်း၊ သမီးအရင်းတစ်ယောက်လိုဖြစ်နေတဲ့ တပည့်မလေးတစ်ယောက်နဲ့ မိမိအပါအဝင် လေးယောက် လိုက်ပါကြမှာဖြစ်ပြီး သတ်မှတ်ရက်မှာ စတင်ခရီးထွက်ကြဖို့ စီစဉ်လိုက်ရတယ်။

ခရီးစဉ်သတ်မှတ်ရက်မှာ မနက်စောစောအိပ်ရာထရပြီး လိုက်ပါကြမဲ့ခရီးဖော်တွေအားလုံးကို အိမ်တိုင်ရာရောက်သွားရောက်ခေါ်ယူ၊ မနက်စာလက်ဖက်ရည်စားသောက်ကြပြီးမှ ၆ နာရီ ကျော်ကျော်မှာ ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။ ဇန်နဝါရီလကုန်ဆုံးတော့မှာဖြစ်ပေမဲ့ ပြင်ဦးလွင်မြို့ရဲ့ အအေးဓာတ်က ထူးထူးကဲကဲအားကောင်းနေဆဲဖြစ်နေတာကြောင့် ခရီးဖော်တွေအားလုံး အနွေးထည်ထူထူတွေနဲ့အတူ ကားနောက်ခန်းကသူတွေက စောင်တွေခြုံပြီး လိုက်ပါလာခဲ့ရတယ်။ ရာသီဥတုအခြေအနေက ချမ်းအေးတဲ့အပြင် လမ်းတစ်လျှောက်လုံးမှာ ဆီးနှင်းတွေကျရောက်နေလို့ ကားကိုဖြည်းဖြည်းနဲ့ မှန်မှန်သာ မောင်းနှင်နေရတယ်။ လမ်းပေါ်မှာ စိုစိုစွတ်စွတ်ကျရောက်နေတဲ့ နှင်းရည်တွေကြောင့် ကားဘီးမချော်အောင်၊ မျက်နှာချင်းဆိုင်က လာနေကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ရှေ့ယာဉ်၊ နောက်ယာဉ်တွေကနေ အန္တရာယ်ကင်းအောင် ကားမီးတွေဖွင့်ပြီး သတိထားမောင်းနေသေးတယ်။ ဒါကြောင့် ၃၆ မိုင်သာဝေးတဲ့ နောင်ချိုမြို့ကို ကားမောင်းချိန် ၁ နာရီ မိနစ် ၃၀ အကြာ မနက် ၇ နာရီ မိနစ် ၃၀ မှာ ရောက်ရှိလာခဲ့တယ်။

နောင်ချိုမြို့မှာ ကြိုတင်ချိန်းဆိုထားသူလဲမရှိ၊ ရပ်နားဖို့လဲ အစီအစဉ်မရှိလို့ ဆက်လက်မောင်းနှင်လာခဲ့တာ မကြာခင်မှာ တိုးဂိတ်နဲ့ စစ်ဆေးရေးစခန်းကို ရောက်ရှိလာတယ်။ မိမိကလွဲပြီး ခရီးဖော်တွေက နောင်ချိုမြို့ထိသာ ရောက်ဖူးနေကြသေးပြီး ရှေ့ဆက်မရောက်ဖူးသေးတာကြောင့် ဂုတ်ထိပ်တံတားအလှနဲ့ ဂုတ်တွင်းလမ်းအလှတွေကို ပြသမယ်လို့ ကြိုတင်ပြောဆိုထားမိခဲ့ပေမဲ့ စစ်ဆေးရေးစခန်းကိုရောက်ရှိသွားချိန်မှာ ဂုတ်ထိပ်အလှ၊ ဂုတ်တွင်းအလှ ရှုခင်းတွေကို ကြည့်ရှုလို့ မရနိုင်တော့ကြောင်း သိမြင်လိုက်ရတယ်။ တိုးဂိတ်နဲ့ စစ်ဆေးရေးစခန်းကို ကျော်ဖြတ်ပြီးတာနဲ့ ဂုတ်တွင်းလမ်းကိုဆင်းရတော့မှာပါ။ ဒါပေမဲ့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူနှင်းတွေရစ်ဆိုင်းနေလို့ ဘာကိုမှ မမြင်ရတော့ပါဘူး။

ဂုတ်တွင်းလမ်းကိုဆင်းလာတဲ့အခါ လမ်းပေါ်မှာ နှင်းရည်နှင်းစက်တွေ၊ လမ်းဘေးတောင်ကမ်းပါးယံတွေမှာ တောင်ကျရေတံခွန်ငယ်လေးတွေ၊ အရှေ့အနောက် ဝဲယာတစ်ခွင်မှာ တိမ်ခိုးတိမ်ငွေ့တွေ၊ မြူခိုးမြူငွေ့တွေ၊ နှင်းမှုန်နှင်းငွေ့တွေ၊ တောင်ခိုးတောင်ငွေ့တွေကသာ




ရစ်ပတ်လွှမ်းခြုံနေတော့တယ်။ လမ်းပေါ်မှာ သွားလာနေကြတဲ့ ကားကြီး၊ ကားငယ်တွေအားလုံးကလဲ သတိထားဂရုစိုက်မောင်းနှင်ကြရသလို မိမိကိုယ်တိုင်ကလဲ အန္တရာယ်မဖြစ်ရအောင် မောင်းနှင်နေရတယ်။ ရှုခင်းသာရပ်ကြည့်နေရာကို ရောက်ရှိပေမဲ့ ဂုတ်ထိပ်တံတားကြီး၊ ဂုတ်တွင်းရေချောင်းနဲ့တံတား၊ တစ်ဖက်ကမ်းဂုတ်တွင်း အတက်လမ်း အဆင့်ဆင့်အထပ်ထပ်တွေကို မြင်တွေ့နိုင်ခွင့်မရှိကြတော့ပါဘူး။ အောက်ဆုံးအဆင့်ရေချောင်းကို ရောက်ရှိဖြတ်ကျော်ပြီး အတက်လမ်းကို ဆက်လက်တက်ရောက်လာတဲ့ အခါမှာလဲ မြူတွေ၊ နှင်းတွေကျရောက်မြဲ၊ ကျရောက်ဆဲဖြစ်နေတာကြောင့် မြင်ကွင်းအားလုံးက မပီမပြင်မသဲမကွဲ ထင်ထင်ရှားရှားတွေ့မြင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမဲ့ အတက်လမ်းရှုခင်းသာကြည့်ရပ်ကနေ နှင်းမှုန်တွေကြားမှာ တဖြည်းဖြည်း တညင်းညင်း တရွေ့ရွေ့ တက်ရောက်လာကြတဲ့ မီးရောင်စုံကားတန်းရှည်ကြီးကို မပီဝိုးတဝါး တွေ့မြင်နေရတယ်။ ကားတွေအားလုံးက မြင်ကွင်းမရှင်းတာကြောင့် ရှေ့မီး၊ နောက်မီးအားလုံးကို ဖွင့်ပြီး မောင်းနှင်လာကြရလို့ပါ။

ဂုတ်တွင်းလမ်းကိုကျော်လွန်လာခဲ့ပြီး ဆီးပင်စခန်းကိုရောက်မှ တစ်ဖက်တောင်ကြောပေါ်မှာရှိနေတဲ့ နောင်ချိုမြို့ကို နေရောင်ခြည်အောက်မှာ တဝင်းဝင်း တလဲ့လဲ့နဲ့ မြင်တွေ့ခွင့်ရတော့တယ်။ မြူတွေနှင်းတွေက ဂုတ်တွင်းလျှိုမြောင်ကြားထဲမှာ ထူထူထပ်ထပ်သဲသဲမဲမဲကျရောက်နေကြပေမဲ့ တောင်ထိပ်ပေါ်ရောက်တော့ ကျရောက်ခြင်းမရှိတော့လို့ ဒီဘက်ခြမ်းတောင်ထိပ်ပေါ်ကနေ တစ်ဖက်ကမ်းတောင်ပေါ်မှာ ရှိနေတဲ့ နောင်ချိုမြို့ကို မြင်တွေ့ခွင့်ရကြတာပါ။ ဆီးပင်စခန်းဆိုတာ ကျောက်မဲ၊ လားရှိုးစတဲ့မြို့တွေရှိရာကနေ လာရင် ဂုတ်တွင်းကိုမဆင်းခင် တွေ့မြင်ကြရမဲ့ ရွာကြီးတစ်ရွာဖြစ်ပါတယ်။ ဂုတ်တွင်းကိုဆင်းတော့မဲ့ ကားတွေနဲ့ တက်လာတဲ့ကားတွေအတွက် ရေဖြည့်ရေလောင်းလုပ်တာတွေ၊ ကားစစ်ဆေးပြင်ဆင်တာတွေ၊ ရပ်နားစားသောက်ကြတာတွေ လုပ်ကြတာကြောင့် ဆီးပင်စခန်းမှာ စားသောက်ဆိုင်တွေ၊ ကားပြင်ဆိုင်တွေ၊ လေထိုးကျွတ်ဖာဆိုင်တွေ၊ ရေဆိုင်တွေ ပေါများစည်ကားကြပါတယ်။

ဆီးပင်စခန်းကနေ နောင်ပိန်၊ စခန်းသာ စတဲ့ ရှမ်းရွာကြီးတွေကို ဖြတ်ကျော်လာရပြီး ကျောက်မဲမြို့အဝင်ကို မနက် ၉ နာရီထိုးခါနီးမှာ ရောက်လာကြတယ်။ ကျောက်မဲမြို့က မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးရဲ့ အတွင်းဘက်မှာရှိနေပြီး မြို့အဝင်ဆိုင်းဘုတ်ကတော့ ပြည်ထောင်စုလမ်းမကြီးဘေးမှာ တည်ရှိနေတယ်။ ကျောက်မဲမြို့အဝင်ဆိုင်းဘုတ်ရှိရာကို ရောက်လာတာနဲ့ ကြိုတင်ဆက်သွယ်ချိန်းဆိုထားတဲ့ ကျောက်မဲမြို့ခံ စာရေးဆရာမိတ်ဆွေတွေနဲ့ မိမိရဲ့တပည့်ဟောင်းတွေကို အဆင်သင့်တွေ့ရှိလိုက်ရတယ်။ သူတို့က မိမိတို့တစ်တွေ နောင်ချိုမြို့ကနေ ထွက်လာကြပြီဆိုကတည်းက ကြိုတင်စောင့်ဆိုင်းနေကြတာပါ။ ခရီးအစီအစဉ်အရ လောက်ကိုင်မြို့ရောက်အောင် နေ့ချင်းပေါက် မောင်းနှင်ရမှာကြောင့် ကျောက်မဲမြို့ထဲထိ ဝင်ချိန်မရတော့ဘဲ မြို့အဝင်ထိပ်မှာ ချိန်းဆိုတွေ့ဆုံကြရတယ်။

ကိုဗစ်- ၁၉ ကပ်ရောဂါကာလ မဖြစ်ခင်ကတည်းက မတွေ့ဆုံဖြစ်တော့တဲ့ မိတ်ဆွေတွေနဲ့ တပည့်ဟောင်းတွေကို ဝမ်းသာအားရတွေ့ဆုံစကားပြောနှုတ်ဆက်ကြရင်း ဒေသထွက်လက်ဆောင်တွေ အပြန်အလှန်ပေးကြ၊ အမှတ်တရဓာတ်ပုံတွေ ရိုက်ကြရတယ်။ မိမိကပြင်ဦးလွင်ဒေသထွက်ကုန်ဖြစ်တဲ့ မလိုင်မုန့်၊ သီးစုံယို၊ ဝိုင်နဲ့ဆွယ်တာအင်္ကျီတွေပေးခဲ့သလို သူတို့ကလဲ ကျောက်မဲမြို့နဲ့ ပလောင်တောင်ဒေသထွက်ကုန်တွေဖြစ်တဲ့ လက်ဖက်ခြောက်၊ မှျစ်ခြောက်၊ နမ်းခေါ်ပုတ်ထောင်း၊ တိုဟူးခြောက်စတာတွေကို ပေးလိုက်ကြတယ်။ မိမိရဲ့တပည့်အများစုက ကျောက်မဲမြို့အထက် ပလောင်တောင်မှာ နေထိုင်ကြတာများပြီး ပလောင်တောင်က လက်ဖက်ကို အဓိကထားစိုက်ပျိုးထုတ်လုပ်ကြလို့ တပည့်တွေပေးလိုက်တဲ့ လက်ဖက်ခြောက်တွေက ကားပေါ်မှာပြည့်သွားရတော့တယ်။

မိတ်ဆွေတွေ၊ တပည့်တွေနဲ့ ခဏတာတွေ့ဆုံခဲ့ကြရပြီး ၁၅ မိုင်ကျော်သာဝေးတော့တဲ့ သီပေါမြို့ကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ သီပေါမြို့လို့ဆိုပေမဲ့ သီပေါမြို့နဲ့ ၅ မိုင်၊ ၆ မိုင်လောက်လိုနေသေးတဲ့ ဘော်ကြိုရွာထိသာ ကားမောင်းသွားကြရပြီး ရပ်နားကြရအုံးမှာပါ။ ပြင်ဦးလွင်မြို့ကနေ ထွက်မလာခင်ကတည်းက သီပေါမြို့မှာရှိနေတဲ့ မိတ်ဆွေတွေကို အကြောင်းကြားဆက်သွယ်တော့ မိမိတို့ထွက်ခွာလာမဲ့နေ့ရက်က ဘော်ကြိုကျောင်းတိုက်၊ ဘော်ကြိုဆရာတော်ကြီးရဲ့ ၆၈ နှစ်မြောက် မွေးနေ့ဖြစ်နေလို့ ဆရာတော်ရဲ့မွေးနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပမှာဖြစ်ကြောင်း၊ မြို့ခံမိတ်ဆွေတွေကလဲ ဘော်ကြိုကျောင်းတိုက်မှာ ရှိနေကြမှာဖြစ်ကြောင်း၊ နေ့လယ်စာ ထမင်းကိုကျောင်းတိုက်မှာ ကျွေးမွေးညှော်ခံလိုကြောင်း စသဖြင့် ပြန်လည်အကြောင်းကြားထားလို့ ဘော်ကြိုကျောင်းတိုက်ကို ဝင်ကြရတော့မှာပါ။

သီပေါမြို့ ဘော်ကြိုရွာကို မရောက်ခင် တစ်ခေတ်တစ်ချိန်က မင်းသားကြီးဝင်းဦးရဲ့ နာမည်ကျော်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ “ကျောက်မဲအကျဉ်းသား” ရုပ်ရှင်ဇာတ်ဝင်ခန်း ရိုက်ကူးခဲ့တဲ့နေရာမှာ ကားခဏရပ်ပြီး လေ့လာကြည့်ရှုဓာတ်ပုံတွေရိုက်ကြရတယ်။ နေရာက ကားလမ်းကို ရထားလမ်းက အပေါ်ကနေ ဖြတ်သန်းသွားတဲ့နေရာပါ။ ငယ်ငယ်တုန်းကကြည့်ရှုခဲ့ရတဲ့ ရုပ်ရှင်ကားထဲမှာ မင်းသားကြီးဝင်းဦးက မီးရထားစီးလာခဲ့ပြီး အခုနေရာဖြစ်တဲ့ ရထားလမ်းကအပေါ်၊ ကားလမ်းကအောက်မှာရှိနေတဲ့ နေရာကိုရောက်တော့မှ လူဆိုးတွေခိုးယူမောင်းနှင်သွားခဲ့တဲ့ သူ့ရဲ့ကားပေါ်ကို ရထားပေါ်ကနေ ခုန်ချသွားခဲ့တာကို မှတ်မိနေသေးတယ်။ ရထားနဲ့ကား၊ အပေါ်နဲ့အောက် တိုက်တိုက်ဆိုင်ဆိုင်တွေ့ဆုံပြီး စွန့်စားခန်းတစ်ခုအနေနဲ့ ရိုက်ကူးပြသထားတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ရထားလမ်းနဲ့ကားလမ်းက မနိမ့်မမြင့် နီးကပ်မှုရှိနေပါသေးတယ်။ အခုအချိန်မှာ ကုန်တင်ကားကြီးတွေနဲ့ လွတ်ကင်းအောင် ကားလမ်းကို အောက်နိမ့်ပြီး မွမ်းမံဖောက်လုပ်လိုက်တဲ့အတွက် ရထားလမ်းနဲ့ ကားလမ်းက ၁၇ ပေ ကွာဝေးသွားခဲ့ရပါပြီ။

ဆက်လက်ထွက်ခွာလာပြီးမကြာခင်မှာ မနီးမဝေးနေရာတစ်ခုက မှိုင်းမှိုင်းညို့ညို့တောင်တန်းကြီးကို နောက်ခံထားပြီး တောင်တန်းအခြေက စိမ်းစိမ်းစိုစို လယ်ယာစိုက်ခင်းတွေ၊ လယ်တောတွေအစပ်မှာရှိနေတဲ့ ဖြောင့်ဖြောင့်တန်းတန်း မီးရထားလမ်းကြီးနဲ့အတူ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေတဲ့မြစ်ကြီးတစ်ခုကို ပေါင်းထွေးရောစပ်ပြီး သာသာယာယာလှလှပပ တွေ့မြင်လိုက်ရတယ်။ တသွင်သွင်စီးဆင်းနေတဲ့မြစ်က နမ္မတူမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်ငယ်မြစ်ဆိုပြီး အမည်နာမသုံးခုနဲ့ ကျော်ကြားတဲ့မြစ်ဖြစ်ပါတယ်။ ဒေသတွင်းမှာတော့ ဒုဋ္ဌဝတီမြစ်လို့ခေါ်ဆိုကြတယ်။

လှပတဲ့ရှုခင်းတွေကို ကြည့်ရှုမောင်းနှင်ရင်း ဘော်ကြိုရွာကိုရောက်လာကြတယ်။ နှစ်စဉ် တပေါင်းလပြည့်နေ့မှာကျင်းပတဲ့ ဘော်ကြိုရွာ၊ ဘော်ကြိုဘုရားပွဲကို ရောက်ခဲ့ဖူးပါတယ်။ ဈေးဆိုင်တန်းတွေ၊ ဘုရားဖူးဧည့်သည်တွေနဲ့ တိုးမပေါက်နိုင်အောင်စည်ကားတာကိုလဲတွေ့မြင်ခဲ့ရတယ်။ အခုအချိန် ဘော်ကြိုကျောင်းတိုက်ဆရာတော်ကြီးရဲ့ ၆၈ နှစ်မြောက် မွေးနေ့မင်္ဂလာပွဲကို တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာတဲ့အချိန်မှာလဲ ဘော်ကြိုဘုရားပွဲလို တိုးမပေါက်အောင် စည်ကားနေတာကို တွေ့မြင်နေရတယ်။ ကားကို လမ်းဘေးသင့်တော်ရာတစ်နေရာမှာ ရပ်ထားခဲ့ပြီး ကျောင်းတိုက်အတွင်း ဝင်ရောက်လာတော့ မြို့ခံစာရေးဆရာ သီပေါကိုလတ်နဲ့ တေးရေးဆရာ တက္ကသိုလ်ရဲအောင်တို့က အသင့်ကြိုဆိုနေကြတယ်။

မြို့ခံဆရာတွေက နေ့လယ်စာကို ကျွေးမွေးညှော်ခံကြရင်း နှုတ်ဆက်စကားပြော၊ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြရတယ်။ ဘော်ကြိုဘုရားပတ်ဝန်းကျင်နဲ့ ကျောင်းတိုက်အတွင်းမှာ ဈေးဆိုင်တန်းတွေ၊ ဧည့်သည်တွေ၊ ဒေသခံရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူတွေ အပြည့်ပါ။ ဒါကြောင့် နေ့လယ်စာ စားသောက်ပြီးတာနဲ့ ဆရာတော်ကြီးရှိရာကို တိုးဝှေ့သွားရောက်ဖူးမြော်ခဲ့ရတယ်။ ဆရာတော်ကြီးကို ကြုံခေါင့်ကြုံခဲဖူးမြော်ခွင့်ရလိုက်လို့ လမ်းခရီးတစ်လျှောက်မှာ ဘေးအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရတော့မယ်ဆိုပြီးတော့လဲ စိတ်ထဲမှာခံစားလိုက်ရတယ်။ ဘော်ကြိုကနေ ရှေ့ခရီးစဉ်ကို ဆက်လိုက်ပါအုံးမယ်။

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်နှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၇၅ ဧက စိုက်ပျိုးပြီးစီး


**လပွတ္တာ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၇၅ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်းသီးနှံ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ လပွတ္တာမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံဖို့၊ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ပဲတီစိမ်း ၁၆၅၇၅ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အများစုကိုတော့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားစိုက်ဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၅၇၅ ဧကအပါအဝင် ဆောင်းသီးနှံများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

## တာဝန်ကိုယ်စီ

\- အမျိုးဂုဏ် တင့်တယ်လှ
ကြိုးစားကြ သွေးချင်းတွေ၊
တိုင်းရင်းသား တန်းတူခွင့်နဲ့
လန်းစွင့်ပန်းဝေ၊
စည်းလုံးမှုနဲ့ ရှေ့ဆက်လေ
ညီညွတ်ကြစေ အစဉ်တွေး၊
အဖြူအမည်း တို့မခွဲလို့
ကဲချစ်စို့လေး။

\- တို့တိုင်းပြည် လွတ်လပ်ရေး
အသက်သွေးတို့ အလီလီ
ပေးဆပ်ခဲ့ပြီ၊
ဘိုးဘင်အဆက် တာဝန်ကိုယ်စီ
သာတူညီ တို့ထမ်း၊
တို့ပြည်ထောင် ငြိမ်းချမ်းရေးအတွက်
ရွေးလို့လျှောက်လှမ်း။

\- စနစ်သစ်ကို လက်ဆင့်ကမ်းလို့
ကြိုးပမ်းစို့ တို့အတူ၊
သမိုင်းအဖြစ်ကို မြင်ယောင်ကြား
ကိုးကားစံနမူ၊
တို့နိုင်ငံ တို့ပြည်သူ
မြဲကြည်ဖြူ နိုင်ငံအတွက်၊
ကျရာဝန် ညီညာရုံး
အားလုံးထမ်းရွက်။ ။

**မောင်စိုးငွေ(ကသစ်မြေ)**

## မအူပင်မြို့နယ် အင်းမေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းမေကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းမေကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ရိုင်**

## သနပ်ပင်မြို့နယ် ကျီးပင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျီးပင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် ကျီးပင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျီးပင်ကျေးရွာ၌ လမ်းအရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျီးပင်ကျေးရွာမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**

## နိုင်ငံတကာ သတင်းများ

# အာတိတ်ကမ်းရိုးတန်းရေတိမ်ဒေသ နယ်နိမိတ်တိုးချဲ့ရေး ရုရှားသမ္မတပူတင်နှင့် ထိပ်တန်းတာဝန်ရှိသူများဆွေးနွေး



**မော်စကို ဇန်နဝါရီ ၂၈**

ရုရှားသမ္မတပူတင်နှင့်ထိပ်တန်း လုံခြုံရေး တာဝန်ရှိသူများသည် ရုရှား၏အာတိတ်သမုဒ္ဒရာ ကမ်းဦး ရေတိမ်ဒေသ နယ်နိမိတ်စည်း တရားဝင်ချဲ့ထွင်မှုလုပ်ငန်း အခြေအနေနှင့်ပတ်သက်၍ ဇန်နဝါရီ ၂၇ ရက်တွင် ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ၎င်းပိုင်ဆိုင်သည့်ကမ်းဦးရေတိမ်ဒေသ ပြန်လည်သတ်မှတ်ရေးဆိုင်ရာ အဆိုပြုချက်ကို ၂၀၂၁ ခုနှစ်တွင် ကုလသမဂ္ဂသို့ တင်သွင်းထားသည်။

အာတိတ်သမုဒ္ဒရာ ကြမ်းပြင်ဒေသကို လက်ရှိပမာဏထက်ပိုမိုရယူလိုကြောင်းရုရှား၏အဆိုပြုလွှာ၌ တောင်းဆိုထားသည်။

ဇန်နဝါရီ ၂၇ ရက် ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် ထိပ်တန်းလုံခြုံရေးတာဝန်ရှိသူများသည်ရုရှား၏ အာတိတ်ကမ်းဦးရေတိမ်ဒေသ အပြင်နယ်နိမိတ်စည်း ချဲ့ထွင်ရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်ဟု ကရင်မလင်နန်းတော်က သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

နိုင်ငံတကာဥပဒေအရ ကမ်းဦးရေတိမ်ဒေသသည် နိုင်ငံတစ်နိုင်ငံ၏ ကမ်းရိုးတန်းပတ်ပတ်လည် ရေတိမ်ဒေသဖြစ်သည်။

အာတိတ်သမုဒ္ဒရာ ကမ်းဦးရေတိမ်ဒေသမြေအောက်၌စွမ်းအင်သယံဇာတများ ပေါများစွာတည်ရှိနေနိုင်သည်ဟု ရုရှားနိုင်ငံက ယုံကြည်ထားကြောင်း သိရသည်။

KKO

# လူခုနစ်ဦးသေဆုံးသည့်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးစစ်အင်အားမြှင့်တင်

**ဂျေရုဆလင် ဇန်နဝါရီ ၂၈**

ဂျေရုဆလင်မြို့ဂျူးဘုရားကျောင်းတစ်ခုအနီး ပါလက်စတိုင်းသေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူပေါင်း ခုနစ်ဦး သေဆုံးခဲ့ရပြီးနောက် အစ္စရေးနိုင်ငံက အနောက်ဘက်ကမ်းဒေသ၌ စစ်အင်အားမြှင့်တင်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျေရုဆလင်ဂျူးဘုရားကျောင်းပစ်ခတ်မှုသည် ဇန်နဝါရီ ၂၇ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အစ္စရေးထိန်းချုပ်မှုအောက်ရှိ အနောက်ဘက်ကမ်းဒေသ၌ စစ်အင်အားမြှင့်တင်ထားကြောင်း အစ္စရေးစစ်ဘက်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အနောက်ဘက်ကမ်း ဒေသရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက စီးနင်းခဲ့ပြီးတစ်ရက်အကြာတွင် ဂျေရုဆလင်မြို့ဂျူးဘုရားကျောင်းအနီး သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ပါလက်စတိုင်း ကိုးဦးသေဆုံးခဲ့ရသည့် အနောက်ဘက်ကမ်းဒုက္ခသည်စခန်းစီးနင်းမှု ဖြစ်ပွားခဲ့ရပြီးနောက် အစ္စရေးနှင့်ဂါဇာကမ်းမြောင်တို့ကြား အပြန်အလှန်တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့သည်။

ဂျူးဘုရားကျောင်းတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သော သေနတ်သမားမှာ အသက်၂၁နှစ်အရွယ် ပါလက်စတိုင်းလူငယ်တစ်ဦးဖြစ်ပြီးအစ္စရေးရဲတပ်ဖွဲ့၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

# အိန္ဒိယလေတပ်မှ တိုက်လေယာဉ်နှစ်စင်း ဝေဟင်အတွင်းဝင်တိုက်၍ ပျက်ကျ

**ဒေလီ ဇန်နဝါရီ ၂၈**

အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းသည် ယနေ့တွင် ဖြစ်ပွားခဲ့သော မတော်တဆဖြစ်စဉ်တစ်ရပ်အတွင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါတိုက်လေယာဉ်နှစ်စင်းသည် အိန္ဒိယနိုင်ငံ အလယ်ပိုင်း မဒရာပရာဒေ့ရှ်ပြည်နယ်၌ ပုံမှန်လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ် လေထုအတွင်း ဝင်တိုက်မိ၍ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဝေဟင်အတွင်း ဝင်တိုက်ခဲ့ပြီးနောက် လေယာဉ်တစ်စင်းမှာ မဒရာပရာဒေ့ရှ် ပြည်နယ်အတွင်း ပျက်ကျခဲ့ပြီး ကျန်တစ်စင်းမှာ အိမ်နီးချင်း ရာဂျစတန်ပြည်နယ်အတွင်း ပျက်ကျခဲ့ရသည်။

အဆိုပါလေကြောင်းမတော်တဆမှုတွင်ပါဝင်သည့် လေယာဉ်မှူးသုံးဦးအနက် တစ်ဦးသေဆုံးခဲ့ရကြောင်းအိန္ဒိယလေတပ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါပျက်ကျခဲ့သည့် တိုက်လေယာဉ်နှစ်စင်း၏ အမျိုးအစားများကို အိန္ဒိယလေတပ် ကြေညာချက်၌ ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

သို့သော် အိန္ဒိယပြည်တွင်းမီဒီယာများ၏အဆိုအရ ပျက်ကျခဲ့သော လေယာဉ်နှစ်စင်း အနက် တစ်စင်းမှာ ရုရှားနိုင်ငံထုတ် အက်စ်ယူ-၃၀ အမျိုးအစားဖြစ်ပြီး တစ်စင်းမှာ ပြင်သစ်နိုင်ငံထုတ် မိုင်းရိတ်ဂျ်-၂၀၀၀ အမျိုးအစားဖြစ်ကြောင်း သိရသည်။ KKO



# တီဟီရန်မြို့ အဇာဘိုင်ဂျန်သံရုံး တိုက်ခိုက်ခံရ သံရုံးလုံခြုံရေးမှူးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိ

**တီဟီရန် ဇန်နဝါရီ ၂၈**

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ အဇာဘိုင်ဂျန်သံရုံးကို ဇန်နဝါရီ ၂၇ ရက်တွင် သေနတ်သမားတစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သံရုံးလုံခြုံရေးမှူး တစ်ဦးသေဆုံး၍ အခြားလုံခြုံရေးဝန်ထမ်းနှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အီရန်နှင့် အဇာဘိုင်ဂျန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေစဉ် တီဟီရန်မြို့ရှိ အီရန်နိုင်ငံဆိုင်ရာ အဇာဘိုင်ဂျန်သံရုံး တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အဇာဘိုင်ဂျန်သံရုံး တိုက်ခိုက်ခံရမှုကို အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် အဇာဘိုင်ဂျန်သမ္မတ အီလ်ဟမ်းအလီယက်ဗ်က ဝေဖန်ခဲ့သည်။

ထို့ပြင် အဆိုပါတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေး၍ ကျူးလွန်သူကို အရေးယူပေးရန် အဇာဘိုင်ဂျန်သမ္မတက အီရန်အစိုးရကို တောင်းဆိုခဲ့သည်။

အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တီဟီရန်မြို့ အဇာဘိုင်ဂျန်သံရုံးရှိ သံတမန်ဝန်ထမ်းများကို နေရာရွှေ့ပြောင်းထားရန် အဇာဘိုင်ဂျန်အစိုးရကကြေညာထားသည်။

အီရန်နှင့် အဇာဘိုင်ဂျန်နိုင်ငံတို့ကြားဆက်ဆံရေးမှာ အာမေးနီးယားစစ်ပွဲပြဿနာ၊အဇာဘိုင်ဂျန်နှင့်အစ္စရေးဆက်ဆံရေးအခြေအနေပြဿနာတို့ကို အကြောင်းပြု၍ တင်းမာလျက်ရှိသည်။ KKO

# ခိုင်လုံမှုမရှိသည့် နိုင်ငံသားအထောက်အထားများဖြင့် ရွေးကောက်ပွဲဝင်ခဲ့သော နီပေါဒုတိယဝန်ကြီးချုပ် ရာထူးဆုံးရှုံး

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၈**

ခိုင်လုံမှုမရှိသည့် နိုင်ငံသားမှတ်ပုံတင် အထောက်အထားများဖြင့် ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သော နီပေါဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ရာဘီလာမိရှဟာနီသည် လက်ရှိအစိုးရ ရာထူးများနှင့် လွှတ်တော်အမတ် နေရာတို့ကိုပါ ဆုံးရှုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

ဒုတိယဝန်ကြီးချုပ် လာမိရှဟာနီသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ခိုင်လုံမှုမရှိသည့် နိုင်ငံသား အထောက်အထားလက်မှတ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း နီပေါတရားလွှတ်တော်ချုပ်က ဇန်နဝါရီ ၂၇ ရက်တွင် စီရင်ချက်ချခဲ့သည်။

တရားလွှတ်တော်ချုပ်၏ အဆိုပါစီရင်ချက်ကြောင့် လာမိရှဟာနီသည် အစိုးရအဖွဲ့ရာထူးများနှင့် လွှတ်တော်အမတ်နေရာတို့ကိုဆုံးရှုံးရတော့မည်ဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်လက အာဏာစတင်ရရှိခဲ့သော နီပေါညွန့်ပေါင်းအစိုးရအဖွဲ့၌ ဒုတိယဝန်ကြီးချုပ်ရာထူးနှင့် ပြည်ထဲရေးဝန်ကြီးရာထူးတို့ကို ရယူထားသူဖြစ်ကြောင်း သိရသည်။

တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်အရ လာမိရှဟာနီ၏ မဲဆန္ဒနယ်၌ ရွေးကောက်ပွဲပြန်လည်ကျင်းပရမည်ဖြစ်သည်။

အစိုးရအဖွဲ့ ရာထူးများနှင့် လွှတ်တော်အမတ် နေရာတို့ကို လာမိရှဟာနီ ဆုံးရှုံးခဲ့ရမှုကြောင့် ပါတီခုနစ်ပါတီပါဝင်သော ညွန့်ပေါင်းအစိုးရ၏ အနာဂတ်အပေါ် အကျိုးသက်ရောက်နိုင်ဖွယ်မရှိဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်း၌ ဆိုဗီယက်ခေတ် အာကာသဒြပ်ထည်နှစ်ခု တစ်ခုနှင့်တစ်ခု အနီးကပ်ဖြတ်သန်းခဲ့မှုကို မှတ်တမ်းတင်နိုင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၂၈**

ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်း၌ ဆိုဗီယက်ခေတ် အာကာသဒြပ်ထည်နှစ်ခု တစ်ခုနှင့်တစ်ခုအနီးကပ်ဖြတ်သန်းခဲ့မှုကို အမေရိကန်နိုင်ငံအခြေစိုက် Leolabs ဂြိုဟ်တုစောင့်ကြည့်ရေးကုမ္ပဏီက မှတ်တမ်းတင်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

ဆိုဗီယက်ခေတ်ဒုံးပျံကိုယ်ထည်တစ်ခုနှင့် သက်မဲ့သူလျှိုဂြိုဟ်တုဟောင်းတစ်ခုတို့သည် ဇန်နဝါရီ ၂၇ ရက်က တစ်ခုနှင့်တစ်ခုခြောက်မီတာအကွာမှ အနီးကပ်ဖြတ်သန်းခဲ့ကြောင်း Leolabs ကုမ္ပဏီက ကြေညာထားသည်။

အဆိုပါ အာကာသဒြပ်ထည်နှစ်ခု ဝင်တိုက်ခဲ့ပါက အရေအတွက်အားဖြင့် ထောင်နှင့်ချီရှိသော အာကာသအမှိုက်စများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း Leolabs ကုမ္ပဏီကျွမ်းကျင်သူများက ပြောကြားသည်။

ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်း၌ ဒုံးပျံကိုယ်ထည်များနှင့် ဂြိုဟ်တုများကဲ့သို့ အာကာသဒြပ်ထည်များ အရေအတွက်အားဖြင့် မြင့်တက်လာလျက်ရှိရာ အာကာသဒြပ်ထည်များ တစ်ခုနှင့်တစ်ခု ဝင်တိုက်မည့် အန္တရာယ်လည်းမြင့်မားလာခဲ့ရသည်။

ဇန်နဝါရီ ၂၇ ရက်က တစ်ခုနှင့်တစ်ခု အနီးကပ်ဖြတ်ကျော်ခဲ့သည့် အာကာသဒြပ်ထည်နှစ်ခုမှာ အက်စ်အယ်လ်-၈ ဒုံးပျံကိုယ်ထည်နှင့် ကော့စမော့ဒ် ၂၃၆ အမည်ရှိ သက်မဲ့ဂြိုဟ်တု တို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၉၅၀ မှ ၆၅၂ မိုင်ထိ တည်ရှိသော ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်း၌ ၂၀၂၂ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလကြား ကာလတစ်ခုတည်းမှာပင် အာကာသဒြပ်ထည်များ တစ်ခုနှင့်တစ်ခု ဝင်တိုက်လုနီးဖြစ်စဉ်ပေါင်း ၁၄၀၀ ထိ ရှိခဲ့ကြောင်း သိရသည်။ KKO

## လူသားများကို အင်္ဂါဂြိုဟ်ပေါ်သို့ သမားရိုးကျအာကာသယာဉ်များထက် ပို၍မြန်ဆန်စွာ ပို့ဆောင်ပေးနိုင်မည့် နျူကလီးယားစွမ်းအင်သုံးဒုံးပျံတည်ဆောက်ရန် နာဆာစီစဉ်

**ဝါရှင်တန် ဇန်နဝါရီ ၂၈**

လူသားများကို အင်္ဂါဂြိုဟ်ပေါ်သို့ သမားရိုးကျ အာကာသယာဉ်များထက် ပို၍မြန်ဆန်စွာ ပို့ဆောင်ပေးနိုင်မည့် နျူကလီးယားစွမ်းအင်သုံးဒုံးပျံကို တည်ဆောက်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ နျူကလီးယားစွမ်းအင်သုံးဒုံးပျံကို ကာကွယ်ရေးအဆင့်မြင့်သုတေသနစီမံချက်များ အေဂျင်စီနှင့် ပူးပေါင်းတည်ဆောက်ရန် နာဆာက စီစဉ်ထားသည်။

ဒရာကိုဟူ၍ အမည်ပေးထားသည့် အဆိုပါနျူကလီးယားစွမ်းအင်သုံး ဒုံးပျံ၏ရှေ့ပြေးပုံစံကို ၂၀၂၇ ခုနှစ်တွင် စမ်းသပ်ရန် နာဆာက စီစဉ်ထားသည်။



နျူကလီးယားစွမ်းအင်သုံးဒုံးပျံများသည် သာမန်လျှပ်စစ်တွန်းပင့်အားစနစ်များက ထုတ်ပေးနိုင်သော တွန်းပင့်အားထက် အဆ ၁၀၀၀၀ ခန့် ပိုများသော တွန်းပင့်အားကို ထုတ်ပေးနိုင်ကြောင်း သိရသည်။

နျူကလီးယားစွမ်းအင်သုံးဒုံးပျံများသည် အင်္ဂါဂြိုဟ်သို့ရောက်ရှိရေးအတွက် ရယူရမည့်အချိန်ကာလကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် ၂၀၃၀ ပြည့်နှစ်အရောက် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများစေလွှတ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ချာရီကလိုးခါးပတ်ကွင်းပါ ဂြိုဟ်သိမ်တစ်စင်းပေါ်၌ ရေခဲများတည်ရှိမှုကို ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ချာရီကလိုးအမည်ရှိ ခါးပတ်ကွင်းပါ ဂြိုဟ်သိမ်တစ်စင်းပေါ်၌ ရေခဲများတည်ရှိမှုကို ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၇ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ကြယ်တစ်စင်းရှေ့မှ ဖြတ်သန်းသွားသော ချာရီကလိုးဂြိုဟ်သိမ်ကို လေ့လာနိုင်ခဲ့သည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့်သတင်းအချက်အလက်များအရ ချာရီကလိုးဂြိုဟ်သိမ်ပေါ်၌ ရေခဲပုံစံဖြင့် ရေဓာတ်တည်ရှိနေမှု၏ လက္ခဏာများကို ထင်ရှားစွာတွေ့ရှိရကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ချာရီကလိုး ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းမိုင် ၁၆၀ ခန့်ရှိသော စင်တော်(Centaur) အုပ်စုဝင် ဂြိုဟ်သိမ်ဖြစ်ပြီး ကမ္ဘာမြေနှင့် မိုင်ပေါင်း နှစ်ဘီလီယံအကွာ၌ တည်ရှိကြောင်း သိရသည်။

ခါးပတ်ကွင်း နှစ်ထပ်ပါသည့် အဆိုပါဂြိုဟ်သိမ်သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကြယ်တစ်စင်း၏ရှေ့မှ ဖြတ်သန်းခဲ့ရာ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ NIRCam ကင်မရာစနစ်က ၎င်းဖြစ်စဉ်ကိုမှတ်တမ်းယူနိုင်ခဲ့သည်။

ချာရီကလိုးဂြိုဟ်သိမ်ကို လေ့လာနိုင်ခြင်းဖြင့် နေအဖွဲ့အစည်းအနားစွန်းနယ်မြေများရှိ အာကာသဒြပ်ထည်များ၏ သဘာဝကိုပိုမိုနားလည် လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## သက်လတ်ပိုင်းအရွယ်တွင် နှလုံးဖောက်သူများ မှတ်ဉာဏ်ဆိုင်ရာပြဿနာ ပိုမြန်ထက်စောစွာ ပေါ်နိုင်

**နယူးယောက် ဇန်နဝါရီ ၂၈**

သက်လတ်ပိုင်း အရွယ်တွင် နှလုံးရုတ်တရက်ဖောက်မှုသို့မဟုတ် လေဖြတ်မှုတို့ ခံစားခဲ့ရသူများ၌ မှတ်ဉာဏ်နှင့်တွေးတောဆင်ခြင်နိုင်မှုဆိုင်ရာ ပြဿနာများ ပိုမြန်ထက်စောစွာ ပေါ်လာနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၇ ရက်က ရေးသားတင်ပြထားသည်။

အသက် ၆၀ မတိုင်မီ နှလုံးရုတ်တရက်ဖောက်မှု သို့မဟုတ် လေဖြတ်မှုတို့နှင့် ရင်ဆိုင်ခဲ့ရသူများသည် ကျန်းမာရေးပုံမှန်ရှိသူ သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်နှင့်တွေးတောဆင်ခြင်နိုင်မှုဆိုင်ရာ စမ်းသပ်မှုများ၌ ရလဒ်ဆိုးနေတတ်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများကြောင့် မှတ်ဉာဏ်နှင့် တွေးတောဆင်ခြင်နိုင်စွမ်း ထိခိုက်မှုအတွက် နောက်ခံအကြောင်းတရားအများအပြားရှိရာ ဦးနှောက်တွင်းသို့ သွေးဝင်ရောက်မှုကျဆင်းခြင်းလည်းပါဝင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါ ပြဿနာပေါ်လာနိုင်ခြေကို လျှော့ချရေးအတွက် အသက် ၆၀ အောက် ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများကျင့်သုံးသင့်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

ဦးနှောက် ကျန်းမာရေးနှင့် နှလုံးကျန်းမာရေးတို့ကြား ဆက်စပ်မှုကိုလေ့လာရာတွင် ယခင်က အသက် ၆၀ အထက် သက်ကြီးပိုင်းများအတွက်သာ အဓိကထားလေ့လာခဲ့ကြကြောင်း၊ အမေရိကန်သုတေသန ပညာရှင်များသည် လူပေါင်း ၃၁၀၀ တို့၏ ကျန်းမာရေးကို အချိန်ယူ လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## သွေးအခြေခံသောရောဂါစစ်ဆေးနည်းတစ်မျိုးက အယ်ဇိုင်းမားကို သုံးနှစ်ခွဲအလိုတွင်ကြိုတင်ဖော်ထုတ်နိုင်

**လန်ဒန် ဇန်နဝါရီ ၂၈**

သွေးအခြေခံသော ရောဂါစစ်ဆေးနည်းတစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ရောဂါမပေါ်မီ သုံးနှစ်ခွဲအလိုတွင် ကြိုတင်ဖော်ထုတ်ပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ သွေးအခြေခံသော ရောဂါစစ်ဆေးနည်းကို ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

မိမိတို့၏ သွေးအခြေခံသော ရောဂါစစ်ဆေးနည်းသည် အယ်ဇိုင်းမားရောဂါကြောင့် ဦးနှောက်၏ နာ့ဗ်ဆဲလ်သစ် ပေါ်ထွက်မှုဖြစ်စဉ် အပြောင်းအလဲများရှိလာမှုကို သုံးနှစ်ခွဲ ကြိုတင်ဖော်ထုတ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါ၏ ဦးနှောက်ဆဲလ်သစ်များ ဖြစ်ပေါ်မှုအပေါ် အကျိုးသက်ရောက်မှုသည် ရောဂါနှိုးချိန်၌ပင် စတင်တတ်သည်။

သို့ရာတွင် အယ်ဇိုင်းမားရောဂါကြောင့် ဦးနှောက်ဆဲလ်သစ်များ ပေါ်ထွက်မှု အပြောင်းအလဲများကို ရောဂါကျွမ်းချိန်မှသာ ဖော်ထုတ်တွေ့ရှိရတတ်သည်။

ဗြိတိန်သုတေသနပညာရှင်များ၏ သွေးအခြေခံသော ရောဂါစစ်ဆေးနည်းက သွေးအတွင်းရှိ ပါဝင်ပစ္စည်းများကို ရှာဖွေစစ်ဆေး၍ အယ်ဇိုင်းမားရောဂါကို ရောဂါမပေါ်မီ ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ဘာစီလိုနာ ဇန်နဝါရီ ၂၈**

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ၂၀၂၂ စက်တင်ဘာလက ချဲလ်ဆီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့သည့် ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုသည် နည်းပြ ဇာဗီလက်အောက်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့် လာမည့် ၂၀၂၄ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုသည် ဘာစီလိုနာအသင်းနှင့် ကနဦးစာချုပ်တွင် ခြောက်လသက်တမ်း လက်မှတ်ရေးထိုးထားသော်လည်း ဘာစီလိုနာအသင်း၏ ခံစစ်ပိုင်းလိုအပ်ချက်အား အကောင်းဆုံး ဖြည့်ဆည်းပေးကာ ပြိုင်ပွဲစုံ ၁၉ ပွဲတွင် သွင်းဂိုး နှစ်ဂိုးထိ သွင်းယူ၍ အမှတ်ပေးပြိုင်ပွဲတွင် အသင်းအား ရလဒ်ကောင်းရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်း တာဝန်ရှိသူများက တစ်နှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း နည်းပြ ဇာဗီက "အလွန်ဆိုဟာ အသင်းကိုစရောက်ကတည်းက အသင်းနဲ့အသားကျအောင် လိုက်ပါလုပ်ဆောင်နိုင်ခဲ့တာပါ။ သူဟာ အမြဲတမ်း ပျော်ပျော်နေတတ်သူတစ်ယောက်ဖြစ်သလို ပရော်ဖက်ရှင်နယ်ဆန်တဲ့ကစားသမားတစ်ယောက်လဲဖြစ်ပါတယ်။ သူ့ရဲ့စာချုပ်သစ်ကို ကျွန်တော့်အနေနဲ့ ကြိုဆိုပါတယ်။ သူဟာ အသက် ၃၂ နှစ်ရှိနေပေမဲ့လဲ ခြေစွမ်းပိုင်း ထိပ်တန်းအဆင့်မှာရှိနေပြီး တိုက်စစ်ပိုင်းထိ လိုက်ပါကစားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML




# ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် ရေကူးအားကစားနည်းမှ အပြီးသတ်လက်ရွေးစင်ကစားသမား ရွေးချယ်ပွဲကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၈**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲဝင်ရောက်မည့် မြန်မာရေကူးအားကစားနည်းမှ အပြီးသတ်လက်ရွေးစင် ကစားသမားရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရေကူးအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရေကူးအားကစားနည်းမှ အပြီးသတ်လက်ရွေးစင် ကစားသမားရွေးချယ်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦးနှင့် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် မြန်မာရေကူးအားကစားနည်းမှ အပြီးသတ်လက်ရွေးစင်ကစားသမားရွေးချယ်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း မီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲ၊ မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ရင်ဘောင်တန်းကူးပြိုင်ပွဲ၊ မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ရင်ဘောင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀လိပ်ပြာကူးပြိုင်ပွဲတို့ကို ကျင်းပခဲ့သည်။

အဆိုပါ ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် မြန်မာရေကူးအားကစားနည်းမှ အပြီးသတ်လက်ရွေးစင်ကစားသမားရွေးချယ်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် အမျိုးသား၊ အမျိုးသမီး ကစားသမား ၁၀ ဦးကို အပြီးသတ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲကို အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဟုထုတ်ပြန်

**ဝါရှင်တန် ဇန်နဝါရီ ၂၈**

လာမည့် ၂၀၂၄ ခုနှစ် ကိုပါအမေရိကဖလားပြိုင်ပွဲကို မြောက်အမေရိကတိုက်ရှိ အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြောက်အမေရိကတိုက်မှ နိုင်ငံအသင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း CONMEBOL နှင့် CONCACAF ဘောလုံးအဖွဲ့ချုပ်တို့ ထုတ်ပြန်ကြေညာခဲ့သည်ဟု Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြောက်အမေရိကတိုက်မှ နိုင်ငံအသင်းခြောက်သင်းကို ဖိတ်ခေါ်၍ တောင်အမေရိကတိုက်မှ နိုင်ငံအသင်း ၁၀ သင်းဖြင့် ပူးပေါင်းကျင်းပသွားမည်ဖြစ်သကဲ့သို့ ကလပ်အသင်းများ ပူးပေါင်းကျင်းပမည့် အစီအစဉ်လည်း ပါဝင်ခဲ့ကြောင်း CONMEBOL ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒိုမင်ဂွက်ဇ်က ဆက်လက်ပြောကြားခဲ့သည်။

ကလပ်အသင်း ပြိုင်ပွဲကို တိုက်ကြီးတစ်ခုလျှင် ကလပ်အသင်းနှစ်သင်းသာ ပါဝင်ခွင့်ရမည်ဖြစ်ပြီး စုစုပေါင်း အသင်းလေးသင်းဖြင့် ကိုပါလီဘာတာဒိုရက်စ် ဖလားနှင့် ကွန်ကာကပ် ချန်ပီယံလိဂ်ဖလားတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့ပြင် 2024 Women Gold Cup ပြိုင်ပွဲတွင်လည်း တောင်အမေရိကတိုက်မှ အမျိုးသမီးလေးသင်းက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် အမျိုးသမီးပြိုင်ပွဲအနေဖြင့် ပထမဆုံးအကြိမ်ပူးပေါင်းကျင်းပမည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

CONMEBOL နှင့် CONCACAF ဘောလုံးအဖွဲ့ချုပ်တို့သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကလည်း ဘောလုံးအဖွဲ့ချုပ်နှစ်ခုပူးပေါင်း၍ အမေရိကန်နိုင်ငံတွင် အဓိကပြိုင်ပွဲတစ်ရပ်ကျင်းပနိုင်ခဲ့ပြီး ယခုတစ်ကြိမ်သည် ဒုတိယအကြိမ်မြောက်ကျင်းပမည့် အမေရိက၏ သမိုင်းဝင်ပြိုင်ပွဲတစ်ရပ်ဖြစ်လာမည်ဟု CONMEBOL ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဒိုမင်ဂွက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

ML

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ရလဒ်

| | | | |
|---|---|---|---|
| မိန့်ဇ် | ၅ | - ၂ | ဘိုချန် |
| ဟာသာဘာလင် | ၀ | - ၂ | ယူနီယံဘာလင် |
| ဖရိုင်းဘတ် | ၃ | - ၁ | အော့စ်ဘတ် |
| ဟော်ဖန်ဟိမ်း | ၁ | - ၄ | ဂလာဘတ် |
| ဝါဒါဘရီမင် | ၂ | - ၁ | ဝုဖ်ဘတ် |

(ဝ၄ဝ)

# ဂေါ်ဒွန်ကို စတာလင်ပေါင် ၄၅ သန်းဖြင့် ဝယ်ယူရန် နယူးကာဆယ်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇန်နဝါရီ ၂၈**

နယူးကာဆယ် အသင်းသည် အဲဗာတန်အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမားဂေါ်ဒွန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ တောင်ပံကစားသမားဂေါ်ဒွန်သည် အဲဗာတန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်သုံးခုကို ဆက်တိုက်လွဲချော်ခဲ့ပြီးနောက် ကစားသမားကို ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး နယူးကာဆယ်အသင်း၏စတာလင်ပေါင် ၄၅သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံကာ ယခုရက်သတ္တပတ်အတွင်း ဆေးစစ်မှုခံယူ၍ အပြောင်းအရွှေ့ကိစ္စ အပြီးသတ်မည်ဖြစ်ကြောင်း သိရသည်။

ဂေါ်ဒွန်ကို နယူးကာဆယ်အသင်းနှင့်အပြိုင် ချဲလ်ဆီးအသင်းကလည်း စိတ်ဝင်စားနေပြီး ကနဦးအငှားစာချုပ်ဖြင့်သာ ခေါ်ယူလိုသောကြောင့် အပြီးသတ်ခေါ်ယူမည့် နယူးကာဆယ်အသင်းက လက်ဦးမှု ရယူနိုင်ခဲ့သော်လည်း အဲဗာတန်အသင်းက ကစားသမား၏ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၅၀ ထိ အလိုရှိနေသဖြင့် နယူးကာဆယ်အသင်းနှင့် ဆွေးနွေးမှုအဆင်မပြေဖြစ်ခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အသင်းတာဝန်ရှိသူများက နယူးကာဆယ်အသင်း၏စတာလင်ပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။




အဲဗာတန်အသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၇၈ သန်းထိ သုံးစွဲခဲ့သော်လည်း အသင်းအနေဖြင့် အမှတ်ပေးဇယားအဆင့် (၁၉) သို့ ရောက်ရှိနေသောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းပိုင်ရှင်အနေဖြင့် ကစားသမားသစ်ထပ်မံ ခေါ်ယူလိုသော်လည်း အသုံးစရိတ်လျှော့ချနိုင်ရန် တောင်ပံကစားသမား ဂေါ်ဒွန်ကို ရောင်းချ၍ ကစားသမားသစ်ထပ်မံခေါ်ယူရန်ဆုံးဖြတ်ခဲ့သည်။

ML

## အားကစားသတင်း အတိုအထွာများ

- ရိုးမားအသင်း၏ ဘဏ္ဍာရေးအခက်အခဲများကြောင့် စိတ်ပျက်နေသည့် နည်းပြမော်ရင်ဟိုက ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ရရှိခဲ့သည့် သောမတ်ပါတေး၏ ဒဏ်ရာမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။
- လိဒ်အသင်းက ဂျူဗင်တပ်ကွင်းလယ်ကစားသမား ဇက်ကင်နီကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် နာရီပိုင်းအတွင်း အတည်ပြုထုတ်ပြန်မည်ဟု ပြောကြားခဲ့သည်။

ML

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှ လုပ်ရပ်များအတွက် ဥရုဂွေးအသင်းမှ ကစားသမားလေးဦးကို ဖီဖာက ပွဲပယ်ပြစ်ဒဏ်များ ချမှတ်



**ဇူးရစ် ဇန်နဝါရီ ၂၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ဖြစ်ရပ်များအတွက် ဥရုဂွေးအသင်းမှ ကစားသမားလေးဦးကို ပွဲပယ်ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဂါနာအသင်းနှင့် ဥရုဂွေးအသင်းတို့ပွဲစဉ်တွင် ဥရုဂွေးအသင်းက ဂါနာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ကွင်းလယ်ဒိုင်က ပင်နယ်တီပြစ်ဒဏ်သတ်မှတ်မပေးမှုကြောင့် ဥရုဂွေးအသင်း ကစားသမားများက ကွင်းလယ်ဒိုင်လူကြီး ဒန်နီရယ်ကို ပြင်းပြင်းထန်ထန် စောဒကတက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဥရုဂွေးအသင်းအနေဖြင့် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိမည်ဆိုပါက (၁၆) သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သော်လည်း နှစ်ဂိုး ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့သည့်အတွက် ဂိုးကွာခြားချက်ဖြင့် အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည်။

ယင်းပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး ဒန်နီရယ်ကို ဥရုဂွေးအသင်းကစားသမားများဖြစ်သည့် ဂျီမီနက်၊ ကာဗာနီ၊ ဂိုဒန်နှင့် မူစလီယာတို့က ဆိုးဆိုးရွားရွား စောဒကတက်ခဲ့သည့်အတွက် ဖီဖာက မူစလီယာနှင့် ဂျီမီနက်တို့ကို လေးပွဲပယ်ပြစ်ဒဏ်၊ ကာဗာနီနှင့် ဂိုဒန်တို့ကို တစ်ပွဲပယ်ပြစ်ဒဏ် အသီးသီးချမှတ်ခဲ့သည်။

ဖီဖာက ဂျီမီနက်၊ ကာဗာနီ၊ ဂိုဒန်နှင့် မူစလီယာတို့ကို ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သည့်အပြင် ဘောလုံးနှင့်မသက်ဆိုင်သည့် လူမှုလုပ်ငန်းများတွင် လုပ်ဆောင်ရမည့် ပြစ်ဒဏ်အပြင် တစ်ဦးလျှင်စတာလင်ပေါင် ၁၇၅၀၀ ပေးဆောင်စေရန်အတွက်လည်း ထပ်တိုးပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။

အလားတူ ဖီဖာက အဆိုပါကစားသမားလေးဦးအပြင် အသင်းမှကစားသမားများကို ထိန်းသိမ်းမှုအားနည်းခဲ့သည့်အတွက် ဥရုဂွေးအသင်းကိုလည်း အိမ်ကွင်းတစ်ပွဲပရိသတ်ဝင်ခွင့် ပိတ်ပင်ခဲ့သကဲ့သို့ ဒဏ်ကြေးငွေ စတာလင်ပေါင် ၄၄၀၀၀ ပေးဆောင်စေရန်အတွက်လည်း ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းမှ ရီစီဂျိမ်း ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်

**လန်ဒန် ဇန်နဝါရီ ၂၈**

ချဲလ်ဆီးအသင်း အဓိကတောင်ပံခံစစ်ကစားသမား ရီစီဂျိမ်းသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် အသင်းနှင့်လေ့ကျင့်ခန်းများ ပြန်လည်ပြုလုပ်နိုင်ခဲ့ပြီး လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ရီစီဂျိမ်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာကြောင့် မကြာခဏအနားယူနေခဲ့ရပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလက အေစီမီလန်အသင်းနှင့်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ကာလရှည်အနားယူနေခဲ့ရသူ ဖြစ်သည်။

ရီစီဂျိမ်းသည် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်က ဘုန်းမောက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ကြော့ပြန်လည်ပါဝင်ကစားခဲ့သော်လည်း အဆိုပါပွဲစဉ်တွင်ပင် ဒူးဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် ပွဲချိန် ၅၃ မိနစ်တွင် လူစားလဲ ထွက်ခွာခဲ့ရပြီးနောက် လက်ရှိအချိန်ထိ အနားယူနေခဲ့ရသူဖြစ်သည်။

နည်းပြ ဂရာဟမ်ပေါ်တာက "ရီစီဂျိမ်းအနေနဲ့အသင်းနဲ့ပြန်လည်ပူးပေါင်းပြီး လေ့ကျင့်မှုပြုလုပ်နေပါပြီ။ သူ့အနေနဲ့ အသင်းအတွက် ပြန်လည် ကစားပေးနိုင်တော့မှာဖြစ်လို့ ကစားသမားစာရင်းတောင့်တင်းလာပါပြီ။ သူက အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်လို့ အခုလိုပြန်လည်ကောင်းမွန်လာတာအသင်းအတွက် သတင်းကောင်းပါ။ ဖူလ်ဟမ်အသင်းနဲ့ပွဲစဉ်မှာ ပါဝင်နိုင်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# Seve Ballesteros Award ဆုကို ရိုင်ယန်ဖော့စ် ဆွတ်ခူး

**လန်ဒန် ဇန်နဝါရီ ၂၈**

အင်္ဂလန်နိုင်ငံတွင် အခြေစိုက်သည့် DP World Tour အဖွဲ့ချုပ်က ချီးမြှင့်သည့် ၂၀၂၂ ခုနှစ်၏ Seve Ballesteros Award ဆုကို နယူးဇီလန်ဂေါက်သီးရိုက် ကစားသမားရိုင်ယန်ဖော့စ်က ဆွတ်ခူးခဲ့ကြောင်း DP World Tour က ထုတ်ပြန်ကြေညာခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ယန်ဖော့စ်သည် DP World Tour ၏ တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကိုလည်း ဆွတ်ခူးခဲ့ပြီး Seve Ballesteros Award ဆုအတွက် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းနှင့် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားဖစ်ပက်ထရစ်တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ရိုင်ယန်ဖော့စ်သည် မိုက်ကယ်ကမ်ဘဲလ်ပြီးနောက် ၂၀၀၅ ခုနှစ်နောက်ပိုင်း Seve Ballesteros Award ဆုကို ဆွတ်ခူးခဲ့သည့် ပထမဆုံးသော နယူးဇီလန်ဂေါက်သီးရိုက်ကစားသမားဖြစ်သည်။

အဆိုပါဆုပေးပွဲ အခမ်းအနားကို ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။




ရိုင်ယန်ဖော့စ်က "ကျွန်တော့်ဘဝမှာ မျှော်လင့်မထားတဲ့ အရာတွေ မကြာခဏဖြစ်လာတတ်တယ်။ အခုလဲ ကျွန်တော်မျှော်လင့်မထားတဲ့ အရာတစ်ခု ဖြစ်လာပြီ။ ကျွန်တော်ရဲ့အိပ်မက်တွေ တကယ်ဖြစ်လာခဲ့တယ်။ ဒီဆုကို ကစားသမားတိုင်းက လိုချင်ကြတယ်။ ဂုဏ်ယူစရာကောင်းတဲ့ဆုတစ်ဆုလဲဖြစ်တဲ့အတွက် ဒီဆုကိုဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားတိုင်းကလဲ ဘဝမှာ ဂုဏ်ယူစရာအကောင်းဆုံးဆုအဖြစ် မှတ်ယူကြမှာပါပဲ။ ဒီဆုကိုဆွတ်ခူးခဲ့ဖူးတဲ့ ကစားသမားစာရင်းမှာ ကျွန်တော့်နာမည် ပါဝင်ခွင့်ရလာတာကို ပျော်မိပါတယ်။ ဒီဆုကိုရဖူးတဲ့ ဒုတိယမြောက်နယူးဇီလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခွင့်ရတာကိုလဲ ဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Farmers Insurance Open ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆမ်ရိုက်ဒါ ဆက်လက်ဦးဆောင်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဆမ်ရိုက်ဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆမ်ရိုက်ဒါသည် ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ရလဒ်ကောင်း ရရှိထားသည့်အတွက် တတိယနေ့ ရလဒ်ကျဆင်းမှုကမသိသာခဲ့သော်လည်း တတိယနေ့တွင် ရလဒ်ကောင်းခဲ့သည့် ဂျွန်ရမ်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာသို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့သည်လည်း တတိယနေ့တွင် အကောင်းဆုံးကစားနိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့သည်။

ဂျွန်ရမ်းက "တတိယနေ့မှာ ကစားနိုင်တဲ့ လက်စွမ်းပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ တတိယနေ့က ပထမနေ့နဲ့ ဒုတိယနေ့ထက် ကစားရတာပိုလွယ်တယ်လို့ခံစားမိပါတယ်။ ကိုးကျင်းမြောက်မှာ ရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်တစ်ချက်ဟာ ကျွန်တော့်ဘဝရဲ့အကောင်းဆုံးရိုက်ချက်တွေထဲမှာ ပါဝင်လာတော့မှာဖြစ်ပါတယ်။ ပထမနေ့နဲ့ ဒုတိယနေ့မှာ ရလဒ်ဆိုးတွေနဲ့ ရုန်းကန်ခဲ့ရပေမဲ့ စိတ်ရှည်သည်းခံပြီး အကောင်းဆုံးပုံစံပြန်ရအောင် ကြိုးစားခဲ့တယ်။ ရလာတဲ့ အခွင့်အရေးတိုင်းကို အသုံးချနိုင်ခဲ့လို့လဲ လမ်းကြောင်းပေါ် ပြန်ရောက်လာတာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ စတီဖာနို့စ်နှင့်ဂျိုကိုဗစ်တို့ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၈**

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်နှင့် ရုရှားတင်းနစ်ကစားသမား ကာချန်နော့၊ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အမေရိကန် တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စတီဖာနို့စ်နှင့် ကာချန်နော့တို့ပွဲစဉ်တွင် စတီဖာနို့စ်က (၇-၆၊ ၆-၄၊ ၆-၇၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ပြီး ဂျိုကိုဗစ်နှင့်တွမ်မီပေါလ်တို့ပွဲစဉ်တွင် ဂျိုကိုဗစ်က (၇-၅၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်သည် ကာချန်နော့အား အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး အနိုင်အရှုံးပေါ်ရန်အတွက် ပွဲငယ်လေးပွဲထိ ယှဉ်ပြိုင်ကစားခဲ့ရသည်။

သို့သော်လည်း စတီဖာနို့စ်သည် ကာချန်နော့အား အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိကာ ၎င်း၏စံပြ ကစားသမားဖြစ်သည့်ဂျိုကိုဗစ်ဖြင့် ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခွင့်ရတော့မည် ဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်းလည်း ပြောကြားခဲ့သည်။

တွမ်မီပေါလ်ကို အနိုင်ကစားနိုင်ခဲ့သည့် ဂျိုကိုဗစ်သည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားဖြစ်သလို ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် အဆိုပါပွဲစဉ်၏ ပထမပွဲငယ်တွင် Tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

စတီဖာနို့စ်က "ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ငယ်စဉ်ကလေးဘဝကတည်းက ရုပ်သံလိုင်းကနေ ကြည့်ရှုအားပေးခဲ့ရတယ်။ တစ်ချိန်မှာ ကျွန်တော်ကိုယ်တိုင် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားသွားမယ်လို့ ရည်ရွယ်ထားခဲ့တယ်။ အခုဆို ကျွန်တော့်ရဲ့ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

**အင်္ဂလန်အက်ဖ်အေဖလားပြိုင်ပွဲရလဒ်**

| | | | |
|---|---|---|---|
| ဝါဆော | ၀ - ၁ | လက်စတာ | |
| ဘလက်ဘန်း | ၂ - ၂ | ဘာမင်ဂမ် | |
| ဘရစ္စတိုး | ၃ - ၀ | ဝက်စ်ဘရွန်း | |
| ဖူလ်ဟမ် | ၁ - ၁ | ဆန်းဒါးလန်း | (၀၄၀) |

# ယူကရိန်းစစ်မြေပြင်တွင် ရုရှားနှင့်အနောက်အုပ်စုတင့်ကားများ၏ တိုက်ပွဲအလားအလာ



ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အနောက်အုပ်စုမှ တင့်ကားများနှင့် ရုရှားတင့်ကားများကြား တင့်ကားတိုက်ပွဲများ ဆင်နွှဲခြင်းအားဖြင့် မကြာမီပဋိပက္ခအရှိန်အဟုန် ပိုမိုပြင်းထန်လာဖွယ်ရာရှိနေသည်။ အထူးသဖြင့် အနောက်အုပ်စုသည် ယူကရိန်းနိုင်ငံကို စစ်လက်နက်ပစ္စည်းနှင့် ငွေကြေးများပံ့ပိုးကူညီလျက်ရှိရာ ဗြိတိန်သည် ယူကရိန်းနိုင်ငံကို AS90 155 mm သေနတ်များနှင့်အတူ Challenger 2 အမျိုးအစားတင့်ကား ၁၄ စီး ပေးပို့ကူညီသွားမည်ဟု ကတိပြုထားသည်။ ထိုသို့ တင့်ကားများ ပေးပို့ကူညီခြင်းအားဖြင့် ဗြိတိန်သည် ပဋိပက္ခအရှိန်မြှင့်တင်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။

ဗြိတိန်သည် ယူကရိန်းနိုင်ငံသို့ တင့်ကားများ ပေးပို့ကူညီသည့် ပထမဆုံးနိုင်ငံဖြစ်လာမည်ဖြစ်ပြီး ထိုသို့ကူညီခြင်းအားဖြင့် NATO အဖွဲ့ဝင် ဂျာမနီနိုင်ငံကိုလည်း Leopard 2 တင့်ကားများ ပေးပို့ကူညီစေရန် တွန်းအားတစ်ရပ်ဖြစ်လာစေမည်ဖြစ်သည်။ သို့သော် ဂျာမနီနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ် အစောပိုင်းလောက်မှသာ Leopard 2 တင့်ကားများ ပေးပို့ကူညီသွားနိုင်ဖွယ်ရာ ရှိနေသည်။ ဆိုရလျှင် ဂျာမနီလက်နက်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် Rheinmetall သည် ယူကရိန်းနိုင်ငံသို့ Leopard 2 တင့်ကားများ ပေးပို့ကူညီနိုင်ရေးအတွက် ၎င်းတင့်ကားအမျိုးအစား အစီးရေ ၁၅၀ ကို ပြင်ဆင်နိုင်ရေး အတည်ပြုအမိန့် လိုအပ်သည်ဟုဆိုသည်။

ယူကရိန်းအရေးတွင် သိသာထင်ရှားသောပြောင်းလဲမှုအနေဖြင့် ရုရှားနိုင်ငံသည် လွန်ခဲ့သောသီတင်းပတ်အတွင်းက ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Valery Gerasimov ကို ယူကရိန်းအရေးဆိုင်ရာ ရုရှားတပ်မှူးအသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းသည် အာကာသတပ်ဖွဲ့များဆိုင်ရာဦးစီးချုပ် ဗိုလ်ချုပ်ကြီး Sergey Surovikin နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး Surovikin သည် ဒုတိယတပ်မှူးအဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

ယူကရိန်းအရေးဆိုင်ရာ ရုရှားတပ်မှူးအပြောင်းအလဲပြုလုပ်ခြင်းသည် ပဋိပက္ခအရှိန်မြှင့်တင်ရန်နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ရုရှားနိုင်ငံ၏ T-90M Proryv-3 အမျိုးအစား တင့်ကားများသည် တိုက်ပွဲဆင်နွှဲနိုင်ရန်အတွက် ယူကရိန်းနိုင်ငံသို့ရောက်ရှိနေပြီဖြစ်သည်။ ၎င်းတင့်ကားများသည် T-90 မူကွဲများ၏ အဆင့်မြင့်ဆုံးတင့်ကားများဖြစ်ပြီး ဆိုဗီယက်ခေတ် T-72 တင့်ကားများမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဆိုပါ တင့်ကားများရောက်ရှိချိန်တွင် တပ်ဖွဲ့ဝင်များသည် လက်နက်ပစ်ခတ်မှုနှင့် တင့်ကားကိုင်တွယ်မောင်းနှင်မှုများလေ့ကျင့်သွားမည်ဖြစ်ပြီး တိုက်ခိုက်ရေးတပ်ဖွဲ့များနှင့် ပူးတွဲတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

ထိုသို့ တင့်ကားများစေလွှတ်တပ်ဖြန့်သွားခြင်းသည် ရုရှားနိုင်ငံအနေဖြင့် ဒွန်းဘတ်ပြည်နယ်ရှိ Soledar နှင့် Bakhmut တို့ကို သိမ်းပိုက်ပြီးနောက် Dnipropetrovsk တွင် အကြီးစားတင့်ကားတိုက်ပွဲများ ဆင်နွှဲသွားရန် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်သည်။ ရုရှားနိုင်ငံသည် Soledar နှင့် Bakhmut တို့ကို သိမ်းပိုက်ပြီးချိန်တွင် ဒွန်းဘတ်ဒေသထိန်းချုပ်ရေးတွင် အခရာကျသော Sloviansk ကို ထိုးစစ်ဆင်နွှဲသွားမည်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် Sloviansk ကို သိမ်းပိုက်နိုင်ခြင်းသည် အနီးအနားပြည်နယ်ဖြစ်သော Dnipropetrovsk ပြည်နယ်ကို ထိုးစစ်ဆင်နွှဲနိုင်ရေးအတွက် အထောက်အကူပြုသွားမည်ဖြစ်သည်။ ယူကရိန်းအရေး စတင်ဆင်နွှဲချိန်၌ အဆိုပါပြည်နယ်ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သော်လည်း မြေပြင်ထိုးစစ်ဆင်နွှဲခြင်းမရှိသဖြင့် ယူကရိန်းနိုင်ငံက ထိန်းချုပ်ထားဆဲပင်ဖြစ်သည်။

Dnipropetrovsk ၏ မတ်စောက်သောဒေသများသည် အကြီးစားသံချပ်ကာယာဉ်များ လှုပ်ရှားစစ်ကစားနိုင်ရေးအတွက် များစွာခက်ခဲသောနေရာများသော်လည်း ၎င်းဒေသ၏ကျယ်ပြောသော မြက်ခင်းပြင်များမှာမူ တင့်ကားတိုက်ပွဲအတွက် အထောက်အကူများစွာ ဖြစ်လျက်ရှိသည်။ သို့သော် ရုရှားနှင့် ယူကရိန်းတို့သည် ဆိုဗီယက်ခေတ်တင့်ကားများ များစွာပိုင်ဆိုင်ထားရှိသော်လည်း လက်ရှိအချိန်ထိ ယူကရိန်းအရေးတွင် တင့်ကားတိုက်ပွဲများ ဆင်နွှဲမှုမရှိသေးပေ။ လေကြောင်းတိုက်ပွဲနှင့် ဒရုန်းစစ်ဆင်ရေးများကိုသာ အလေးထားဆောင်ရွက်လျက်ရှိသည်။

ယူကရိန်းအရေးဆိုင်ရာ ရုရှားတပ်မှူးအပြောင်းအလဲပြုလုပ်ခြင်းသည် မြေပြင်တပ်ဖွဲ့များကို လေကြောင်းအထောက်အကူပြုမှု အလေးထားသော ပူးပေါင်းစစ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီး Gerasimov သည် ၁၉၇၇ ခုနှစ်တွင် ကာဇန်အဆင့်မြင့်တင့်ကွပ်ကဲမှုသင်တန်းကျောင်းမှ ကျောင်းဆင်းလာခြင်းဖြစ်ပြီး ရာထူးအဆင့်များ လျင်မြန်စွာတိုးမြှင့်ခံရသူတစ်ဦးဖြစ်သည်။ ဗိုလ်ချုပ်ကြီး Surovikin သည် ဆီးရီးယားပြည်တွင်းစစ်တွင် ရုရှားလေတပ်ကိုကွပ်ကဲခဲ့သူဖြစ်သည်။

ယူကရိန်းအရေးသည် အနောက်အုပ်စုနှင့် ရုရှားနိုင်ငံတို့ကို စစ်ရေးဆိုင်ရာသဘောတရားများ၊ နည်းဗျူဟာများနှင့်နည်းပညာများကို စမ်းသပ်သည့်နေရာဖြစ်လာပြီဖြစ်သည့်အတွက် Dnipropetrovsk ဒေသတွင် တင့်ကားတိုက်ပွဲများဆင်နွှဲခြင်းသည် အနောက်အုပ်စုနှင့် ရုရှားတင့်ကားတို့၏စွမ်းဆောင်ရည်များ စမ်းသပ်မည့်နေရာ ဖြစ်လာတော့မည်ဖြစ်သည်။

ဗြိတိန်၏ Challenger 2 သည် အခြားသောတင့်ကားများကို တိုက်ခိုက်ချေမှုန်းရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ Challenger 2 များသည် ရန်သူတိုက်ခိုက်မှုကြောင့် ပျက်စီးမှုမရှိသေးဟုဆိုသည်။ Challenger 2 သည် ပေါက်ကွဲအားပြင်းကျည်များဖြင့် ပစ်ခတ်နိုင်သော L30 ရိုင်ဖယ်များ တပ်ဆင်ထားပြီး ရန်သူများကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းနှင့် တင့်ဖျက်စွမ်းအားတို့အတွက် ရည်ရွယ်ထားရှိသည်။ ၎င်းတင့်ကားကို 7.62 mm ဘက်စုံသုံးသေနတ်တပ်ဆင်ထားပြီး ဒုတိယမျိုးဆက် Chobham သံချပ်ကာထုတပ်ဆင်ထားသဖြင့် T-72 ၏ 125 mm စက်သေနတ်များ၏ ပစ်ခတ်မှုအန္တရာယ်မှ ကာကွယ်သွားနိုင်သည်။ ၎င်းတင့်ကားသည် တင့်တပ်ဖွဲ့မှူးနှင့် သေနတ်သမားတို့အတွက် အပူပေးမြင်ကွင်းကြည့်ကိရိယာပါရှိသောကြောင့် ရန်သူကိုထိရောက်စွာခြေရာခံပြီး ချေမှုန်းနိုင်စွမ်းရှိစေသည်။

ရုရှားနိုင်ငံထုတ် T-90M Proryv-3 သည် ရုရှားကြည်းတပ်အတွက် T-14 Armata မထုတ်လုပ်ရသေးမီ ကြားကာလတွင်အသုံးပြုနိုင်ရန် ရည်ရွယ်ထားခြင်းပင်ဖြစ်သည်။ T-90M Proryv-3 သည် T-14 Armata ကဲ့သို့ပင် 125 mm 2A82-1M စက်သေနတ်တပ်ဆင်ထားရှိပြီး ပစ်စွမ်းအားတိုးမြှင့်နိုင်သောပြောင်းနှင့် ပစ်ခတ်ထိန်းချုပ်မှုစနစ်များ ပါဝင်သည်။

T-90M Proryv-3 တင့်ကားတွင် ပစ်ခတ်မှုအထောက်အကူပြုကျည်များ၊ ပေါက်ကွဲပြင်းကျည်များ၊ Sprinter တင့်ကားဖျက်ဒုံးကျည်များ၊ ရဟတ်ယာဉ်ချေမှုန်းရေးသေနတ်များလည်းပါဝင်သည်။ အဆိုပါတင့်ကားတွင် ဒုတိယဦးစားပေးလက်နက်များအဖြစ် 12.7 mm Kord အကြီးစားစက်သေနတ်နှင့် 7.62 mm ပြောင်းချောသေနတ်တို့ ပါဝင်သည်။ ၎င်းတင့်ကားကို ပေါက်ကွဲအားပြင်း တုံ့ပြန်ရေးသံချပ်ကာ (ERA) တပ်ဆင်ထားရှိသောကြောင့် ရန်သူ၏ကျည်ထိပ်ဖူးများကို ခုခံနိုင်စွမ်းရှိစေသည်။

T-90M Proryv-3 တင့်ကားသည် အပူပေးမြင်ကွင်းရှာကိရိယာနှင့် ရန်သူကိုချေမှုန်းနိုင်မှုစွမ်းဆောင်ရည်များ ပါရှိသည်။ T-90M Proryv-3 သည် PNM-T အပူအောက်ရောက်ခြည်သုံးပစ်မှတ်ရှာကိရိယာတပ်ဆင်ထားရှိပြီး Sosna-U ပစ်မှတ်ရှာကိရိယာနေရာတွင် အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရေးတွင် အနောက်နိုင်ငံများ၏ နည်းပညာအပေါ် မှီခိုအားထားရမှုလျှော့ချသွားနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

ယူကရိန်းအရေးသည် ၁၁ လခန့် ကြာမြင့်လာပြီး မကြာမီတစ်နှစ်ပြည့်တော့မည်ဖြစ်သည်။ ယူကရိန်းပြည်သူများသည် ပဋိပက္ခအကျိုးဆက်ကို အပြင်းထန်ဆုံးခံစားရလျက်ရှိပြီး ကလေးငယ်များနှင့်အမျိုးသမီးများသည် ပြည်ပနိုင်ငံများသို့ ထွက်ပြေးခိုလှုံရလျက်ရှိသလို တိုင်းပြည်အတွင်းရှိ အခြေခံအဆောက်အအုံများမှာလည်း သုံးမရအောင်ပျက်စီးသွားပြီဖြစ်သည်။ ထို့ပြင် ပဋိပက္ခနောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာရှားပါးလာမှုများ၊ လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုများ၊ ထောက်ပံ့ရေးကွင်းဆက်ပြတ်လပ်မှုများနှင့် စီးပွားရေးဆုတ်ယုတ်မှုများဖြစ်လာပြီဖြစ်သည်။ သက်ဆိုင်သူများကြား ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်သွားနိုင်မှသာလျှင် ပဋိပက္ခအဆုံးသတ်နိုင်မည်ဖြစ်သည်။ အနောက်နိုင်ငံများအနေဖြင့် ယူကရိန်းနိုင်ငံကို တင့်ကားများပေးပို့ကူညီလျက် မီးလောင်ရာလေပင့် ဆက်လက်လုပ်ဆောင်သွားမည်ဆိုလျှင် ပဋိပက္ခအဆုံးသတ်နိုင်မည်မဟုတ်သလို ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးမှာလည်း ပိုမိုကျပ်တည်းလာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပေသည်။

**ကိုးကား**

- **Russia vs West tank fight next phase of Ukraine war by Asia Times.**

**ဝင်းဇင်(သုတေသန)**

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဒိုင်းပြကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒိုင်းပြကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဒိုင်းပြကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၃၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ကျော်ရိုး**

# စမ်းချောင်းမြို့နယ် Shwe Sanchaung Art Gallery ပြခန်းတွင် Shew Image အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Shwe Sanchaung Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာရှစ်ဦး၏ Shew Image အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

Shew Image အွန်လိုင်း ပန်းချီပြပွဲကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ ကံကောင်း၊ ပန်းချီ သိန်းရွှေကြည်၊ ပန်းချီ နီပိုဦး၊ ပန်းချီ အောင်နိုင်လတ်၊ ပန်းချီတင်ကိုဇော်၊ ပန်းချီ ဇော်တေဇ၊ ပန်းချီ ငြိမ်းချမ်း၊ ပန်းချီ စောစတီးဖတို့၏ ပန်းချီကား ၄၂ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံ ပန်းချီကားမျိုးစုံကို ရှုမြင်ခံစားရမည်ဖြစ်ကြောင်း သိရသည်။

"ခေတ်ပြိုင်ပန်းချီဆရာ ရှစ်ယောက်ရဲ့ လတ်တလောရေးခြစ်ထားတဲ့ ပန်းချီကားအသစ်တွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ အခုစုစည်းထားတဲ့ ပန်းချီကားတွေရဲ့ ဖန်တီးရှင်ပန်းချီဆရာအများစုကတော့ စာနယ်ဇင်းသရုပ်ဖော် ပန်းချီဆရာတွေဖြစ်ပါတယ်။ စာနယ်ဇင်းနယ်ပယ်ကနေလာတဲ့ အတွေးနဲ့ အရေးက ရသဆန်ဆန် ခံစားရမှာပါ"ဟု ဦးကိုကိုအောင်က ပြောပြသည်။

အဆိုပါ ပန်းချီပြခန်းတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# Megalopolis ဇာတ်ကားတွင် မင်းသား ဂီယန်ကာလိုအက်စပိုစီတို ပါဝင်

**နယူးယောက် ဇန်နဝါရီ ၂၈**

ကမ္ဘာကျော် ဒါရိုက်တာကြီး ဖရန်စစ်ဖို့ကော့ပိုလာ၏ Megalopolis ဇာတ်ကားတွင် မင်းသား ဂီယန်ကာလိုအက်စပိုစီတို ပါဝင်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Megalopolis ဇာတ်ကားတွင် မင်းသား ဂီယန်ကာလိုအက်စပိုစီတိုသည် မင်းသား အဒန်းဒရိုင်ဘာ၊ မင်းသမီး အော်ဘရေးပလာဇာ၊ မင်းသား လောရင့်ဖစ်ဘန်းတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ မင်းသား ဂီယန်ကာလိုအက်စပိုစီတို သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ Megalopolis ဇာတ်ကားသည် ရောမအင်ပိုင်ယာကို စံပြုထားသည့် သိပ္ပံဇာတ်ကားဖြစ်ပြီး နယူးယောက်မြို့၌ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို အမေရိကန်ဒေါ်လာသန်း ၁၂၀ ထိ သုံးရန် ဒါရိုက်တာ ဖရန်စစ်ဖို့ကော့ပိုလာက ရည်ရွယ်ထားကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် လိပ်နဂါးရုပ်များ ဝင်ရောက်လာ

**ပဲခူး ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် လိပ်နဂါးရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးမြို့ရှိ ရွှေယမင်း မြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

အဆိုပါဈေးကွက်သို့ အလျား ၁၈ လက်မ၊ အနံ ၁၀ လက်မ အရွယ်အစား ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် လိပ်နဂါးရုပ်များမှာ ဈေးနှုန်းအနေဖြင့် ငွေကျပ် ၃၅၀၀၀ ဖြစ်ပြီး ဈေးကွက်အတွင်းသို့ လိပ်နဂါးရုပ်အရေအတွက် ၂၀၀ ခန့် ဝင်ရောက်ထားကြောင်း သိရသည်။

"ဒီလ တတိယပတ်ထဲမှာ ကုက္ကိုအနှစ်သားနဲ့ ထုလုပ်ထားတဲ့ လိပ်နဂါးရုပ်လေးတွေ ဈေးကွက်ထဲဝင်လာပါတယ်။ ရန်ကုန် ဒါးပိန်းပန်းပုရွာကနေ ဝင်လာတာဖြစ်ပါတယ်။ ဒီဘက်မှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ များနေသလို အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်တွေလဲ အရောင်းသွက်နေတဲ့အတွက် ပန်းပုရုပ်တွေ ပြန်ဝင်လာတာဖြစ်ပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။



ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများသို့ ယခုနှစ်အတွင်း ပြည်တွင်းခရီးသွားများ ဝင်ရောက်မှုများပြားလာပြီး ပြည်ပခရီးသွားများလည်း ဝင်ရောက်မှုရှိနေသဖြင့် အမှတ်တရလက်ဆောင်ပစ္စည်းများဝယ်ယူမှု ယခင်နှစ်ကထက် သိသိသာသာမြင့်တက်နေသည့်အတွက် ပန်းပုရုပ်များ ဈေးကွက်အတွင်း အဆက်မပြတ် ဝင်ရောက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မင်းသမီး အန်နာဒီအားမက် အော်စကာရုပ်ရှင်ဆုပေးပွဲဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့သည့် ပထမဆုံးကျူးဘားနွယ်ဖွားမင်းသမီးဖြစ်လာ

**နယူးယောက် ဇန်နဝါရီ ၂၈**


ဂျိမ်းစဘွန်းမင်းသမီး အန်နာဒီအားမက်သည် အော်စကာရုပ်ရှင်ဆုပေးပွဲ ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့သည့် ပထမဆုံး ကျူးဘားနွယ်ဖွား မင်းသမီးဖြစ်လာကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီသည် ဇန်နဝါရီ ၂၄ ရက်တွင် ၉၅ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်စာရင်းများ ကြေညာခဲ့ရာ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်း၌ မင်းသမီး အန်နာဒီအားမက်လည်း ပါဝင်လာခဲ့သည်။

မင်းသမီး အန်နာဒီအားမက်သည် Blonde ဇာတ်ကားဖြင့် အော်စကာဆုပေးပွဲ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အန်နာဒီအားမက်က မာရီလင်မွန်ရိုးအဖြစ် သရုပ်ဆောင်ခဲ့ပြီး မင်းသမီး အန်နာဒီအားမက်သည် အဆိုပါဇာတ်ကားဖြင့် ရုပ်ရှင်သရုပ်ဆောင်များအသင်း၏ ဆုများနှင့် ဗြိတိသျှရုပ်ရှင်အကယ်ဒမီဆုပေးပွဲ ဆန်ခါတင်စာရင်းများတွင်လည်း ပါဝင်ထားကြောင်း သိရသည်။

KKO



# ရွှေမန်းသဘင်၏ လက်ရွေးစင်ပြဇာတ်ကောင်းများကို Sky Net DTH နှင့် Channel 9 တို့မှ အပတ်စဉ် ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရွှေမန်းသဘင်၏ လက်ရွေးစင်ပြဇာတ်ကောင်းများကို Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ အပတ်စဉ် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။


ရွှေမန်းသဘင်၏ ထင်ရှားအောင်မြင်ခဲ့သည့် လက်ရွေးစင် ပြဇာတ်ကောင်းများကို မြန်မာ့ဇာတ်သဘင်ကို ချစ်ခင်အားပေးကြသည့် ပရိသတ်များအတွက် Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဇာတ်သမားတွေရဲ့ အနုပညာကို ဖန်သားပြင်ကနေတစ်ဆင့် အိမ်ထဲထိရောက်အောင် ပို့ပေးလိုက်တယ်ဆိုတော့ ဒီလောက်ကောင်းတဲ့ အစီအစဉ်မရှိတော့ဘူး။ ကျွန်တော်တို့ရဲ့ အနုပညာတွေလဲ ခန်းခြောက်မသွားတော့ဘူး။ Sky Net DTH နဲ့ Channel 9 က လာတော့မဲ့ ပြဇာတ်အစီအစဉ်တွေကို ကြည့်ရင်းကြည့်ရင်းနဲ့ ပြဇာတ်လာတာဘယ်နေ့လဲ စောင့်ကြည့်မယ်ဆိုတဲ့ အနေအထားရောက်အောင် ကျွန်တော်တို့ညီအစ်ကိုတွေ ကြိုးစားကြမှာပါ"ဟု ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

အဆိုပါ Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ အပတ်စဉ်ထုတ်လွှင့်ပေးသွားမည့် ပြဇာတ်များတွင် သစ္စာ၊ မေတ္တာ၊ ရွှေမန်းသဘင်နှင့် ရွှေမန်းချမ်းသာသဘင်တို့တွင် အောင်မြင်ခဲ့သော စင်တင်ပြဇာတ်များဖြစ်သည့် အာယတ၊ ပုံ့တင်သည့်ကံ၊ ခင်ဦးနှင့်သား စသည့် ပြဇာတ်များ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Two million travellers at home and abroad visited Bagan and Popa regions in 2022


Mount Popa seen from afar.

**Mandalay January 28**

More than 2 million of travellers at home and abroad visited Bagan ancient cultural heritage region and Papa region of Mandalay Region from January to December 2022, said assistant director U Myo Min Aung of Directorate of Hotels and Tourism (Bagan branch).

During the period from January to December 2021, more than 80,000 local and international travellers paid visits to Bagan ancient cultural heritage region and Papa region. In early 2023, number of travellers to these regions is on the rise more than previous years.

"A total of 1.1 million of travellers paid visits to Shwezigon Pagoda alone in 2022, 600,000 visitors to Bu Pagoda, 150,000 travellers to Lawkananda Pagoda and 200,000 travellers to Popa region, totalling 2 million," he added.

Arrivals of travellers to Bagan and Popa regions are on the increase as from December 2021. There are 2 million travellers in 2022 and some 200,000 in early January 2023.

ASH

# White mustards coming to Mandalay market getting good price

**Mandalay January 28**

White mustards coming from Ywangan and PyinOoLwin regions to Thiri Malar wholesale greens market in Aungmyaythazan District, Mandalay Region, are getting good prices, according to market sources.

Each day, about five to six 12-wheeled trucks loaded with white mustards come to the wholesale market. Previously, the price was K10,000-11,000 per bag containing 20 viss. Now it has reached K12,000-15,000, said U Aung Moe Naing, owner of Aung brokerage.

"Currently, white mustards come from Ywangan and PyinOoLwin regions which are major growers of mustard. Prices go up suddenly due to fewer growers, shortages and difficult transport. Now, about 5 or 6 trucks come to the market. White mustards are bought from various regions. Growers are now getting better prices," he said.

Like white mustards, prices of other vegetables such as potato, cucumber, tomato, cabbage, chili, bean and eggplant are also getting good. About the same number of cargo trucks carrying those greens comes to the wholesale market every day.

185


White mustards for sale at a market.

# Reopening of Myanmar-Chinese border trade routes help create good prices for green gram purple yellow and Anyar yellow)

**Mandalay January 28**

Newly-harvested green gram (purple yellow and Anyar yellow) get good prices in reopening of Myanmar-Chinese border trade routes in 2023, and these beans fetch good prices in Mandalay market, according to the bean merchants of Mandalay.

These kinds of beans from Kayan and Thongwa and Madaya, Singu, Htigyaing and Katha regions flow into the market. Purple yellow gram fetched K140,000 per bag last year compared to K185,000 per bag this year. Moreover, Anyar yellow bean got K110,000 per bag last year but fetched K157,000 per bag this year," said U Soe Win Myint of Soe Win Myint brokerage in Mandalay.

"Green gram (purple yellow and Anyar yellow) flows into the Mandalay market as from the early January this year. For the time being, the trade routes between Myanmar and China are reopened for trading. So, thee beans get good prices in active marketing process. Green gram is one of the export agricultural produce. It is exported to India and China annually. Reopening of border trade posts between Myanmar and China closed for three years due to outbreak of Covid-19 is creating the good chances for trading of green gram. So, its prices may not decline this year," said the broker.

Green gram (Anyar yellow) is grown in Mandalay, Sagaing and Magway regions and green gram (purple yellow) in Yangon, Bago and Ayeyawady regions.

185

# Trump heads to New Hampshire, South Carolina in bid to jump-start campaign

**Washington January 28**

Former U.S. President Donald Trump will swing through New Hampshire and South Carolina on Saturday in the first two stops of a presidential campaign that has largely idled since he launched his new White House bid in November.

Trump will speak first at the New Hampshire Republican Party's annual meeting in Salem before heading to Columbia, South Carolina's capital, where he will unveil his leadership team in the state.

Both states are seen as potential kingmakers, as they are among the first to hold their nominating contests. How a candidate performs there often makes or breaks their campaign. Political observers in both the Republican and Democratic parties will be keenly watching to see who shows up to support Trump at the events.

Once the undisputed center of gravity in the Republican Party, an increasing number of elected officials have expressed concerns about his ability to beat Democratic President Joe Biden, if he decides to run again, as is widely expected.

In New Hampshire, Republican Governor Chris Sununu has said he is having conversations about a primary bid, and many high-ranking Republicans there - including those who supported Trump previously - say publicly they are looking for an alternative.

Reuters

# Exclusive: India's Adani says $2.5 billion share sale on track even as bankers mull changes

**Mumbai January 28**

A $2.5 billion share sale by India's Adani Enterprises (ADEL.NS) remains on schedule at the planned issue price, the company told Reuters on Saturday, while sources said bankers were considering changes due to a market rout in the group's shares.

Bankers on the deal were considering extending the sale or cutting the issue price after shares of Adani plunged following a report from a U.S. short seller, three people familiar with the matter told Reuters on Saturday.

Adani Group in a statement said: "There is no change in either the schedule or the issue price." "All our stakeholders including bankers and investors have full faith in the FPO (Follow on Public Offer). We are extremely confident about the success of the FPO," it said.

Seven listed companies of the conglomerate controlled by one of the world's richest men, Gautam Adani, have lost a combined $48 billion in market value since Hindenburg Research on Tuesday flagged concerns about debt levels and their use of tax havens.

The Adani Group has called the report baseless and said it was considering taking action against Hindenburg.

Sources had said that among the options the bankers were considering included extending the Tuesday subscription closing date by four days.

Reuters

# Up to 1,500 travellers visit Ngwe Saung beach daily


Visitors seen along the Ngwe Saung beach.

**Pathein January 28**

Up to 1,500 travellers visited Ngwe Saung Beach in the city of Ngwe Saung, Pathein Township in Ayeyawady Region in January, according to the Pathein Tourism Industry Association.

Last December, an average of 700 to 1,000 travellers visited Ngwe Saung Beach in Pathein Township daily.

The average number of travellers is up to 1,500 daily in January, and most of them are travellers from Yangon and Nay Pyi Taw.

"Ngwe Saung Beach has been opened in accordance with the rules of protection against Covid-19 disease set by the Ministry of Hotels and Tourism. There are more travellers from Yangon and Nay Pyi Taw. The number of travellers to the beach in this year is increased in compared with the number of travellers visited last year. The number of passengers is increasing day by day. Hotel businesses on the beach are also operating. It is expected that more travellers will come after the end of the basic education exams in February," said Pathein Township Tourism Association's tour guide, Daw Kay Kay Khaing. Kyaw Kyaw Lin

# Taiwan plums getting better prices this year as China border reopens

**Mandalay January 28**

As Myanmar-China border trade routes reopen, newly-harvested Taiwan plums are getting good prices in exporting them to China, said plum grower and exporter U Myint Swe from Patheingyi Township in Mandalay Region.

Since the second week of this month, plums are exported in 12 wheeled trucks daily. A carton of 110 large plums for China export is priced at 85 Yuan, a carton of 150 middle-sized plums 60 Yuan and a carton of 600 to 700 small plums 45 Yuan. As dealers competitively buy plums, their prices are getting good.

"This year, we are getting better prices in exporting plums to China thanks to the reopening of the Chinese border routes. Growers are making profits this year. Taiwan plums are plucked in December and they are available till March. Regarding local prices, a carton of large plums is priced at K25,000, a carton of middle-sized plums K18,000 and a carton of small plums K8,000. Prices have increased by about one fourth. Growers and sellers are very happy," he said.

In local markets, Taiwan plums go to Yangon, Lashio and Mandalay. Prices depend on size and quality. In Patheingyi Township, one acre of plums can get up to K10 million. 185


Taiwan plums being sold at a market.

# Myanmar exports 76 tons of Shan sesame seeds to Thailand from Myawady border trade zone from December 1, 2022 to January 15, 2023

**Myawady January 28**

A total of 76 tons of Shan sesame seeds worth US$0.053 million were exported to Thailand from the Myawady border trade zone of Kayin State from December 1, 2022, to January 15, 2023, according to U Saw Nesay Htoo, the central executive member of the Myanmar Chamber of Commerce and Industry (Kayin State).

Due to the demand in the Thai market, it was exported from the Myawady border to Thailand starting from December 1, 2022.

"They start planting Shan Sesame plants in Aungban and Kalaw in September, and the seeds can be obtained in November. There is a demand in the market where they are used for cooking curry. It is used in South Korea as well as in Thailand, so there is a market for it to be tested and exported," said U Saw Nesay Htoo.

In the domestic market, the price of Shan sesame seeds in Aungban and Kalaw is 2,500 kyats per viss, and the average price for exports from Myawady is about 2,780 kyats per viss.

ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Number of tiger raft fishing structures extended in Amar this fishing season

**Amar January 28**

Local fishermen extend their fishing works with the use of larger number of Tiger raft fishing structures in Amar of Bogale Township in Ayeyawady Region this fishing season, said U Min Naung Moe, head of Amar Tiger raft fishing entrepreneurs association.

The number of Tiger raft fishing structures hit nine in Amar in 2022 fishing season but six more structures were extended in 2023 because of high prices of fish and greater profits of Tiger raft fishing structures.

"Tiger raft primarily capture fishes and shrimp at the sea. This year's number of structures is greater than last year. Fishing of Tiger raft structure started in Amar. Increasing number of structure helps local fishermen and businesspersons get convenience in livelihoods. It is because Tiger raft fishing structure business obtains regular profits. New rafts operate their businesses this month. Old ones started their operations last November. A large number of fishermen rely on operations of Tiger raft fishing structures in Amar," he added.

Some 20 fishermen operate each Tiger raft for capturing fish and shrimp. Businesspersons give K140,000 to K160,000 as salary to each fisherman. Some rafts sell fish and shrimp without processing to produce further products but some make them as dried fish, fish paste and fish sauce.

Kyaw Kyaw Lin


Tiger raft fishing structures being set up.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အစ္စရေးက F-15EX တိုက်လေယာဉ် ၂၅ စင်းဝယ်ယူရန် အမေရိကန်ထံ တရားဝင်တောင်းဆို



အစ္စရေးနိုင်ငံသည် F-15EX တိုက်လေယာဉ် ၂၅ စင်း ဝယ်ယူသွားနိုင်ရန်အတွက် အမေရိကန်အစိုးရထံ တရားဝင်တောင်းဆိုမှုတစ်ခု တင်သွင်းခဲ့ကြောင်း Breaking Defense သတင်းဌာနထံ ပြောကြားခဲ့သော လုပ်ငန်းသတင်းရင်းမြစ်များအရ သိရသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သော သီတင်းပတ်တွင် တရားဝင်တောင်းဆိုစာတစ်စောင် ပေးပို့ခဲ့ကြောင်း သတင်းများထွက်ပေါ်လျက်ရှိပြီး ပြည်ပစစ်ဘက်ရောင်းချမှုလုပ်ငန်းစဉ်၏ ပထမဆုံးခြေလှမ်းလည်းဖြစ်သည်။ အစ္စရေးနိုင်ငံအနေဖြင့် အရေအတွက်နှင့် ဈေးနှုန်းကို ဆွေးနွေးခြင်းမပြုမီ အမေရိကန်၏ ကနဦးဆုံးဖြတ်ချက်ကို စောင့်ဆိုင်းရမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် တောင်းဆိုမှုကို တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံထံ F-15EX တိုက်လေယာဉ်ကို ၂၀၂၈ ခုနှစ်တွင် အစောဆုံးပေးပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်း ကာကွယ်ရေးသတင်းရင်းမြစ်တစ်ရပ်က Breaking Defense သတင်းဌာနသို့ ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနနှင့် ဂျေရုဆလင်ရှိ အမေရိကန်သံရုံးတို့ကမူ အဆိုပါသတင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် ငြင်းဆိုထားသည်။

၂၀၂၀ ပြည့်နှစ်တွင် အစ္စရေးအစိုးရသည် နိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန်အတွက် F-35 နှင့် F-15EX တိုက်လေယာဉ်များ ဝယ်ယူမည်ဟု ပြောကြားခဲ့သည်။

F-35 တိုက်လေယာဉ်များ ဝယ်ယူမှုပြီးဆုံးချိန်တွင် F-15EX တိုက်လေယာဉ်အတွက်စာချုပ်ချုပ်ဆိုရန် နိုင်ငံတွင်း နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နှောင့်နှေးခဲ့ရကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် လေးနှစ်အချိန်ကာလအတွင်း ရွေးကောက်ပွဲ ငါးကြိမ်ကျင်းပခဲ့ပြီး F-15EX တိုက်လေယာဉ်ဝယ်ယူရေးအစီအစဉ်များပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့သည်။ သို့သော် အစိုးရသစ်လက်ထက်တွင် F-15EX ဝယ်ယူရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရန် မျှော်လင့်ထားကြသည်။

F-15EX တိုက်လေယာဉ် ၂၅ စင်းကို ဝယ်ယူရန်တောင်းဆိုချက်သည် အစ္စရေး၏ရန်သူဖြစ်သည့် အီရန်နှင့် တစ်ဖက်က အင်အားကြီးနိုင်ငံ ရုရှားတို့ကြား ကာကွယ်ရေးဆိုင်ရာဆက်ဆံရေး တိုးမြှင့်လာနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ရုရှားနိုင်ငံက အီရန်ကို အဆင့်မြင့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် Sukhoi Su-35 တိုက်လေယာဉ်များ ရောင်းချပေးနေသည့်အတွက် အစ္စရေးအနေဖြင့် စိုးရိမ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အီရန်သည် အစ္စရေးမြို့ကြီးများကို တိုက်ခိုက်နိုင်သည့် တာဝေးပျံမောင်းသူမဲ့လေယာဉ်ကိုတီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြောကြားထားသည်။ အဆိုပါခြိမ်းခြောက်မှုများကြောင့် အစ္စရေးလေတပ်က အီရန်နိုင်ငံ နျူကလီးယားထုတ်လုပ်ရေးနေရာများကဲ့သို့သော အခိုင်အမာပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် သင့်တော်မည့် စွမ်းအားမြင့်လက်နက်စနစ်များ တင်ဆောင်နိုင်သော F-15EX တိုက်လေယာဉ်များ အရေးတကြီးလိုအပ်ကြောင်း ဖော်ပြခဲ့သည်။

**Israel Requests 25 F-15EX Fighter Jets From US: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံတစ်ဝန်းရှိ ပစ်မှတ်များကို ရုရှားတပ်ဖွဲ့များက ဒုံးကျည်အစင်း ၃၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့

အီရန်နိုင်ငံထုတ် တိုက်ခိုက်ရေးဒရုန်းနှစ်ဒါဇင်ကျော်ကို ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်များက ဇန်နဝါရီ ၂၆ ရက်အစောပိုင်းတွင် ပစ်ချနိုင်ခဲ့ပြီးနောက် နာရီပိုင်းအကြာ၌ ယူကရိန်းနိုင်ငံတစ်ဝန်းရှိပစ်မှတ်များကို ရုရှားတပ်ဖွဲ့များက ဒုံးကျည်အစင်း ၃၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်က ပြောကြားခဲ့သည်။

ရုရှား Tu-95 ဗုံးကြဲလေယာဉ်များသည် မြောက်ပိုင်း Murmansk ဒေသမှနေ၍ ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ယူကရိန်းစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ Yuriy Ignat က ဒေသတွင်းမီဒီယာကို ပြောကြားခဲ့သည်။

"နယ်မြေအသီးသီးမှာ စတင်ဝင်ရောက်တိုက်ခိုက်လာပြီဖြစ်တဲ့ ဒုံးကျည်စုစုပေါင်းအစင်း ၃၀ ကျော်ရှိမယ်လို့ ထင်ပါတယ်။ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေ အလုပ်လုပ်နေပါတယ်"ဟု Ignat က ပြောကြားခဲ့သည်။

ဒုံးကျည်အနည်းဆုံး ၁၅ စင်းခန့်ထိ ပစ်ချနိုင်ခဲ့ကြောင်း၊ အစောပိုင်းတွင် ယူကရိန်းလေတပ်သည် နိုင်ငံတောင်ပိုင်းရှိ Azov ပင်လယ်မှ ရုရှားတပ်ဖွဲ့များက ပစ်လွှတ်သော အီရန်ထုတ်တိုက်ခိုက်ရေးဒရုန်းအစုအဝေးများကို ပစ်ချနိုင်ခဲ့ကြောင်း Ignat က ပြောကြားခဲ့သည်။

"တိုက်ခိုက်ရေး UAV တွေကို Azov ပင်လယ်အရှေ့ဘက် ကမ်းရိုးတန်းကနေ ပစ်လွှတ်ခဲ့တာပါ။ ပဏာမအချက်အလက်တွေအရ ရုရှားတွေဟာ Shahed ၂၄ စင်း အသုံးပြုခဲ့ပါတယ်။ ၂၄ စင်းလုံး ပစ်ချနိုင်ခဲ့ပါတယ်"ဟု ယူကရိန်းလေတပ်၏အွန်လိုင်းမီဒီယာမှ ထုတ်ပြန်ကြေညာထားသည်။

အောက်တိုဘာလကတည်းက ရုရှားနိုင်ငံသည် စွမ်းအင်အခြေခံအဆောက်အအုံများကို အဓိကပစ်မှတ်ထားပြီး ယူကရိန်းကို လေကြောင်းမှတိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများသည် လျှပ်စစ်ဓာတ်အားလိုင်းကို ထိခိုက်ပျက်စီးစေခဲ့ပြီး ယူကရိန်းထံ အနောက်မဟာမိတ်များ၏ ပံ့ပိုးမှုဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အရှိန်အဟုန်မြင့်၍ ရောက်ရှိလာခဲ့ကြတော့သည်။

ဇန်နဝါရီ ၂၆ ရက် အစောပိုင်းတွင် နောက်ဆုံးတိုက်ခိုက်မှုသည် ဂျာမနီနှင့် အမေရိကန်တို့အပါအဝင် ယူကရိန်း၏ အနောက်အုပ်စုမဟာမိတ်များက ခေတ်မီတင့်ကားများပံ့ပိုးပေးမည်ဟု ကတိပြုပြီးနောက်တစ်ရက်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။



**Russia Fires Dozens of Missiles, Drones at Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက ဂျာမနီ Hensoldt ကုမ္ပဏီမှ လေကြောင်းရန်ကာကွယ်ရေးရေဒါနှစ်စီး ထပ်မံဝယ်ယူ



ယူကရိန်းနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးရေဒါနှစ်စီးကို ထပ်မံဝယ်ယူရန် ဂျာမနီ Hensoldt ကုမ္ပဏီနှင့်ဇန်နဝါရီ ၂၄ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ယူရို သန်းပေါင်းများစွာတန်သည့် စာချုပ်တစ်ခုအတွက် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်သုံးရေဒါများကို သုံးလအတွင်းပေးပို့မည်ဖြစ်သည်။

အာရုံခံကိရိယာ၊ စနစ်များ ထုတ်လုပ်သည့် ဂျာမနီကုမ္ပဏီဖြစ်သော Hensoldt သည် ရောင်းချပံ့ပိုးပေးရေးနှင့် လေ့ကျင့်သင်တန်းပေးရေးအပါအဝင် ယူရိုသန်း ၁၄၀ တန်ဖိုးရှိသောစာချုပ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းနိုင်ငံသို့ ရေဒါ လေးစီး ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ယခင်အမှာစာများနှင့်မတူသည့် အဆိုပါရေဒါအသစ်များသည် ဂျာမနီမှ ယူကရိန်းသို့ ပေးပို့ထားသည့် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် တပ်ဆင်အသုံးပြုမည်မဟုတ်ကြောင်း Hensoldt ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်များကို Janes ထောက်လှမ်းရေးကုမ္ပဏီက ထုတ်ပြန်ထားခြင်းဖြစ်သည်။

IRIS-T SLM စနစ်များအပြင် အဆိုပါရေဒါများသည် ယူကရိန်းနိုင်ငံ၌ လည်ပတ်နေသည့်စနစ်အမျိုးမျိုးနှင့် ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းဌာနတွင် ထုတ်ပြန်ထားရှိသည်။

Solid-state အမျိုးအစား C-band (4–8 GHz)၊ Gallium Nitride Active Electronically Scanned Array နည်းပညာသုံးရေဒါသည် အထူးသဖြင့် အရွယ်အစားအားဖြင့်သေးငယ်ပြီး အလျင်နှုန်းမြင့်မားသည့် အနိမ့်ပျံပစ်မှတ်များ၊ ခရုဇ်ဒုံးကျည်များနှင့် လေယာဉ်များ၊ ရဟတ်ယာဉ်များ စသည့်ပစ်မှတ် ၁၅၀၀ ခန့်ကို ထောက်လှမ်း၊ ခြေရာခံနိုင်ကာ အမျိုးအစားခွဲခြားပေးနိုင်ကြောင်း သိရသည်။

၎င်းရေဒါသည် အမြင့်ဆုံးအကွာအဝေးကီလိုမီတာ ၂၅၀ ထိ ခြေရာခံထောက်လှမ်းနိုင်သည်။ တိုက်လေယာဉ်တစ်စင်းကို အကွာအဝေးကီလိုမီတာ ၁၂၀ ထိ ခြေရာခံနိုင်ပြီး အသံထက်မြန်သည့် Supersonic ဒုံးကျည်ကို ကီလိုမီတာ ၆၀ အကွာအဝေးထိ ခြေရာခံထောက်လှမ်းနိုင်သည်။

သဘောတူစာချုပ်အရ အဆိုပါလက်နက်စနစ်သည် နိုင်ငံအတွင်းဖြန့်ကြက်အသုံးပြုမှုကို ပြန်လည်အကဲဖြတ်သုံးသပ်ရာတွင် စစ်ဆေးချက်ရလဒ်များ ကောင်းမွန်ပြီး ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်များကို ပိုမိုအားကောင်းလာစေနိုင်ကြောင်း Hensoldt ကုမ္ပဏီဥက္ကဋ္ဌ Thomas Muller က ကောက်ချက်ချပြောကြားခဲ့သည်။

**https://www.thedefensepost.com/2023/01/24/ukrainehensodtairdefenseradars/ ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟူမွလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၂၃၉၃ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၃၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၂၇၂ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၉၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ်တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်တွေကို GAP စနစ်နဲ့ စိုက်ပျိုးဖို့၊ စိုက်ခင်းက ထွက်ရှိလာတဲ့သီးနှံတွေ ဈေးကွက်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆောင်းကာလမှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၂၀၀၀ ကျော်စိုက်ပြီးသွားပြီ။ ဟင်းသီးဟင်းရွက်သီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ဟင်းသီးဟင်းရွက်သီးနှံတွေဖြစ်တဲ့ မုန်ညင်းရွက်၊ ပန်းမုန်လာ၊ နံနံပင်၊ ဆလတ်ရွက် စတဲ့ ဟင်းသီးဟင်းရွက်တွေ စိုက်နေကြတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၂၇၅ ဧက၊ မိုပိုင်းလွတ်မြို့တွင် ၁၁၈ ဧက စုစုပေါင်း ၂၃၉၃ ဧက ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သောဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် တန့်ယန်း-နောင်လုံး-လုံပုံးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**တန့်ယန်း ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တန့်ယန်းမြို့နယ် တန့်ယန်း-နောင်လုံး-လုံပုံး လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေမျိုးမင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၉ ဒသမ ၃၂ သန်းဖြင့် တန့်ယန်းမြို့နယ် တန့်ယန်း-နောင်လုံး-လုံပုံး လမ်းကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေမျိုးမင်းက လုပ်ငန်းများ ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့သည်။



တန့်ယန်းမြို့နယ် တန့်ယန်း-နောင်လုံး-လုံပုံးလမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် အောင်ကြီးစိုးကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကတ္တရာလမ်းခင်းနိုင်မှုကြောင့် လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ လူ ၄၇၉၂ ဦး အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသထုတ်ကုန်၊ ထွက်ကုန်ပစ္စည်းများကိုလည်း ဈေးကွက်သို့လွယ်ကူစွာတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇယ်ပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မယ်ဇယ်ပင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့် အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၅၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာပေါင်း ၃၉ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝါ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီအချိန်ထိ ရတနာပလ္လင်တော်ထက်သို့ ၅၄ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၂၈ ရက် ည ၇ နာရီအချိန်ထိ ရတနာပလ္လင်တော်ထက်သို့ ၅၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပလ္လင်တော်ထက်သို့ သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ပင့်ထောင်လျက်ရှိရာ ယနေ့ည ၁၂ နာရီအချိန်ထိ ရတနာပလ္လင်တော်ထက်သို့ ၆၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ် လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနဝန်ကြီးရုံးနှင့် သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှုဟူသည့် မဟာဗျူဟာစီမံကိန်းပါမူဝါဒများနှင့်အညီ ဥပဒေဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ဥပဒေဝန်ဆောင်မှုပေးနေပါကြောင်း။





ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍ သုံးရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကသာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိပြီး ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ခြင်းသာဖြစ်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်၍ လမ်းညွှန်မှုနှင့်အညီဆောင်ရွက်သင့်ကြောင်း၊ တင်ပြတိုင်ကြားစာများအရ မြို့နယ်ဥပဒေရုံးများ၏ဆောင်ရွက်ချက်နှင့်သက်ဆိုင်သည့်ကိစ္စက အများဆုံးဖြစ်ပါကြောင်း၊ တင်ပြစာ၊ တိုင်ကြားစာများအရ စိစစ်ကြည့်ရှုသောအခါမှ မှားယွင်းသည်ကိုတွေ့ရှိ၍ ပြင်ဆင်ခဲ့ရသကဲ့သို့ မြို့နယ်ဥပဒေရုံး၏အကြံပြုချက်ကို ပြင်ဆင်သည့်အတွက် တင်ပြ၊တိုင်ကြား၍ စိစစ်ပြီးပြင်ဆင်ခဲ့ရသည်များလည်းရှိကြောင်း၊ စိစစ်ကြီးကြပ်ရန်တာဝန်ရှိသူများ၏ ပေါ့လျော့၊ လွဲမှားဆောင်ရွက်မှုကြောင့်ဖြစ်သည်ဟု သုံးသပ်နိုင်ကြောင်း၊ စိစစ်ကြီးကြပ်ရန် တာဝန်ရှိသူအဆင့်ဆင့်က မှန်မှန်ကန်ကန်နှင့် ရာထူးအဆင့်နှင့် လျော်ညီသော တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများက ထိန်းကျောင်းတည့်မတ်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများတက်ရောက်ခဲ့ကြပြီး ရုံးလုပ်ငန်းကိစ္စများကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်နှင့်ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကိုကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်နှင့်ပြည်သူများအတွက် တည်ငြိမ်၍ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဦးစွာ စက်ရုံမှူး ဦးနေဇော်လတ်က ဓာတ်အားထုတ်လုပ်မှု၊ Energy Meter များတပ်ဆင်ထားမှု၊ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကိုတင်ပြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဒေါက်တာကျော်စွာစိုးနိုင်က နှစ်အလိုက် ကျောက်မီးသွေးသုံးစွဲမှုနှင့် ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားမှုကို ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ရုံအတွင်း စက်များမောင်းနှင်နေမှုနှင့် Switchyard အတွင်းရှိ ထရန်စဖော်မာများနှင့် Switchgear များ၊ တီကျစ်ကျောက်မီးသွေးမိုင်း၊ စက်ရုံရှိ ရေသန့်စနစ်နှင့် ကျောက်မီးသွေးဓာတ်ခွဲစမ်းသပ်ခန်းတို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည်




စက်ရုံဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဒုတိယဝန်ကြီးက အမှတ်တရ သစ်သီးခြင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုများမရှိစေရန် ကျင့်ဝတ်များနှင့်အညီ စစ်ဆေးထိန်းကျောင်းပေးကြရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး တာဝန်ခံညွှန်ကြားရေးမှူးများ၏ ညှိနှိုင်းဆွေးနွေးပွဲ(၁/၂၀၂၃)ကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲပထမနေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုမရှိစေရန် ကျင့်ဝတ်များနှင့်အညီ စစ်ဆေးထိန်းကျောင်းပေးရန်လိုအပ်ပါကြောင်း။

စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ကျွမ်းကျင်မှုသည် အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများကို ရာထူးအလိုက်ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်စေခြင်းသာမက မိမိတို့လုပ်ငန်းခွင်တွင်လည်း Job Training များ၊ အသိပညာမျှဝေရေးအစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ Real Time Audit နှင့်တာဝန်ပေးစစ်ဆေးခြင်းဆိုင်ရာများ၊ ဝန်ထမ်းပိုင်းနှင့် စာရင်းပိုင်းဆိုင်ရာများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ပြီး ကျန်တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊နေပြည်တော်စာရင်းစစ်ရုံးနှင့်မြန်မာနိုင်ငံစာရင်းကောင်စီရုံးညွှန်ကြားရေးမှူးများက စစ်ဆေးရေး၊ ဝန်ထမ်းနှင့်စာရင်းပိုင်းဆိုင်ရာကိစ္စရပ်များကိုတင်ပြဆွေးနွေးကြသည်။

ထို့နောက် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးလုပ်ငန်းဆိုင်ရာများ၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံရေးရာနှင့် ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီးဆွေးနွေးတင်ပြမှုများအပေါ် အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က တင်ပြဆွေးနွေးမှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကြီးမြို့အတွင်း လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှု၊ ပြုပြင်မွမ်းမံမှုနှင့် အသစ်တိုးချဲ့ရေးဆွဲစိုက်ထူထားရှိမှုများ ဒုတိယဝန်ကြီး မြေပြင်ကွင်းဆင်းစစ်ဆေး



**တောင်ကြီး ဇန်နဝါရီ ၂၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီပြည့်စုံမှန်ကန်ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့တို့အနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်သည် နယ်မြေဧရိယာ ကြီးမားကျယ်ပြန့်သည့်အပြင် တောင်ပေါ်ဒေသဖြစ်သည့်အတွက် အနိမ့်အမြင့်၊ အတက်အဆင်း၊ အကွေ့အကောက် များပြားခြင်းကြောင့် ခရိုင်၊ မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ လိုအပ်သည့်ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများ ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်သွားလာမှုအင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာမှူးကြီးက ယင်းမာပင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ယာဉ်တိုက်ခိုက်မှုဆိုင်ရာစိစစ်တွေ့ရှိချက်နှင့် ကလော၊ အောင်ပန်း၊ ရွှေညောင်မြို့နယ်များ၌ Road Safety Audit ဆောင်ရွက်မှု၊ စစ်ဆေးတွေ့ရှိမှုနှင့် သုံးသပ်အကြံပြုချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရှမ်းပြည်နယ်အတွင်း လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များသုံးသပ်ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ရှမ်းပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့အတွင်း လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲ စိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3# ၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၆-၁၂-၂၀၁၂ ရက်နေ့မှ ၂၇-၁-၂၀၁၃ ရက်နေ့အထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် မူလအာဘိဓမ္မိက (အဘိဓမ္မာပထမပိုင်းငါးကျမ်းအောင်) ၄ ပါး၊ ဒီဃဘာဏက(ဒီဃနိကာယ်သုံးကျမ်းအောင်) ၈ ပါး၊ ဝိနယဓရ(ဝိနည်းဒုတိယပိုင်းအောင်)၃၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်းအောင်) ၈၅ ပါး၊ **စုစုပေါင်း ၁၃၄ ပါး** အောင်မြင်ခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသဘောရေးဖြေပွဲတွင် ဒီဃနိကာယကောဝိဒ (ဒီဃနိကာယ်သုံးကျမ်းအောင်) ၃ ပါး၊ ဝိနယကောဝိဒ(ဝိနည်းဒုတိယပိုင်းသုံးကျမ်း) ၈ ပါး၊ ဥပတောဝိဘင်္ဂကောဝိဒ(ဝိနည်းပထမပိုင်းနှစ်ကျမ်း) ၇ ပါး၊ **စုစုပေါင်း ၁၈ ပါး** အောင်မြင်ခဲ့ပါကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

**သာသနာရေးဦးစီးဌာန**

**(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ(အာဂုံ)**

**စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၁ | ၁ | - | - |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၇ | ၇ | ၄ | ၅၇. ၁၄% |
| ၃။ | ဒီဃနိကာယ် | ၁၄ | ၁၁ | ၈ | ၇၂. ၇၃% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၇၈ | ၅၈ | ၃၇ | ၆၃. ၇၉% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၃၈ | ၁၁၃ | ၈၅ | ၇၅. ၂၂% |
| **စုစုပေါင်း** | | **၂၃၈** | **၁၉၀** | **၁၃၄** | ၇၀. ၅၃% |

**(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသဘောရေးဖြေ**

**၂၀-၁-၂၀၁၃ မှ ၂၄-၁-၂၀၁၃ ရက်နေ့အထိ စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၆ | ၆ | - | - |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၁၁ | ၈ | - | - |
| ၃။ | ဒီဃနိကာယ် | ၂၈ | ၂၇ | ၃ | ၁၁. ၁၁% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၅၉ | ၅၅ | ၈ | ၁၄. ၅၅% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၉၀ | ၇၉ | ၇ | ၈. ၈၆% |
| **စုစုပေါင်း** | | **၁၉၄** | **၁၇၅** | **၁၈** | ၁၀. ၂၉% |

**(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ**

**သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း**

**သဘောရေးဖြေအောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၃)ပါး**

၁။ ပလ္လင်အမှတ် (၂၆၇) အရှင်ဂန္ဓမာ၊ အသက်(၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၂၇၆) အရှင်တိက္ခသာရာလင်္ကာရ၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၈၃) အရှင်သောဘန၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ(၈)ပါး**

၁။ ပလ္လင်အမှတ် (၃၁၅) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၁၉) အရှင်ဝိလာသ (တွံတေး)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၇)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၂၅) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၃၂) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၃၃) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး **(အထူးအောင်)**

၆။ ပလ္လင်အမှတ် (၃၃၄) အရှင်ကောသလ္လ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၃၃၆) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၃၄၁) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၇)ပါး**

၁။ ပလ္လင်အမှတ် (၃၆၈) အရှင်လူခဝံသာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**

၂။ ပလ္လင်အမှတ် (၃၇၉) အရှင်နန္ဒဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၉၂) အရှင်ဝိဇယဉာဏ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၉၇) အရှင်သုဇန၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၉၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၁၂) အရှင်ဇနိန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၂၉) အရှင်ပိညာဏဇောတ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက(၄)ပါး**

၁။ ပလ္လင်အမှတ် (၃) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၄၅)နှစ်၊ သိက္ခာ(၂၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄) အရှင်ဝါသဝါလင်္ကာရ၊ အသက်(၄၂)နှစ်၊ သိက္ခာ(၂၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **(အထူးအောင်)**

၃။ ပလ္လင်အမှတ် (၅) အရှင်ဝိသုဒ္ဓ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၈) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက(၈)ပါး**

၁။ ပလ္လင်အမှတ် (၉) အရှင်ပညာနန္ဒ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၀) အရှင်သုမင်္ဂလ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၂) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၄) အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ မြစ်ကွေ့ကျောင်းတိုက်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၆) အရှင်ပညိန္ဒ(ခင်ဦး)၊ အသက်(၄၁)နှစ်၊ သိက္ခာ(၂၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၇) အရှင်သုဇာတ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **(ဝိသိဋ္ဌ)**

၇။ ပလ္လင်အမှတ် (၁၈) အရှင်အဂ္ဂသီလ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၂၀) အရှင်ခေမာစာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ(၃၇)ပါး**

၁။ ပလ္လင်အမှတ် (၂၃) အရှင်စိန္တာဝရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ၊ တိပိဋကဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၂၅) အရှင်သုမင်္ဂလ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၂၇) အရှင်ကောဝိဒ(မကွေး)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ရွှောင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၂၉) အရှင်ဓမ္မသေန၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၀) အရှင်ဒေသက၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တောင်ပုလုကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၂) အရှင်ရာဇိန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၃၄) အရှင်ခေမာနန္ဒ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၃၈) အရှင်လက္ခဏာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၁) အရှင်ဇောတိက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၄၂) အရှင်သောဘန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဆက်လက်ဖော်ပြပါမည်။

# အကြိမ်(၄၀)မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် လားဟူတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြိမ် (၄၀) မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသား ရိုးရာနှစ်သစ်ကူး ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်လီကျေးရွာ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် လားဟူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က နှစ်သစ်ကူးအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးက အကြိမ်(၄၀)မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားဟူရိုးရာလက်ဆေးခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ကြပြီး ဒေသခံလားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုမြေဝိုင်းအကဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ထူးချွန်ဆုရရှိခဲ့သော ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "မြန်မာကျောင်း" သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ ဂုဏ်ထူးရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ကာယ၊ ဉာဏ ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၉၇ ဦးကို ၎င်းကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ရှိ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၁၉ ဦး၊ ခွဲစိတ်ရောဂါ ၆၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အရိုးရောဂါ ၂၈၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄၉ ဦး၊ မျက်စိရောဂါ ၉၈ ဦးနှင့် သွားရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၄၃ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၈ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၇၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ရှိ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဇန်နဝါရီ ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၁၈ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၇၉ ဦး |

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဇန်နဝါရီ ၂၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၃၁၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-မော်လမြိုင်သွားကားလမ်းပေါ်ရှိ ဒါလီချောင်းသံကူကွန်ကရစ်တံတားကို KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဒါလီချောင်းသံကူကွန်ကရစ်တံတားနေရာပြပုံ








KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဒါလီချောင်းသံကူကွန်ကရစ်တံတား ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-မော်လမြိုင်သွားကားလမ်းပေါ် အရှည် ပေ ၁၈၀၊ အကျယ် ၁၄ ပေရှိ ဒါလီချောင်းသံကူကွန်ကရစ်တံတားကို KNLA အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲခန့်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

မိုင်းဖောက်ခွဲမှုကြောင့် တံတား၏ တောင်ဘက်ခြမ်း ကမ်းကပ်ခုံအနီးမှအထက်ပိုင်းကျိုးကျပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် အဆိုပါတံတားပျက်စီးခဲ့မှုကို တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဆင်ခြင်တုံတရားမဲ့စွာပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီး တစ်ပါးပျံလွန်တော်မူခဲ့ပြီး ကျေးရွာနေအပြစ်မဲ့အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးသေဆုံး၊ အမျိုးသား နှစ်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ပြည်သူများ၏နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအနီး နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခွဲခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာ၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ကျေးရွာ၏တောင်ဘက်ရှိ လူနေအိမ်များကို ဝင်ရောက်မီးရှို့ဖျက်ဆီးပြီး ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အဆိုပါအကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် နေအိမ် အလုံး ၈၀ မီးကူးစက်လောင်ကျွမ်းပျက်စီးခဲ့ရပြီး ဆင်ခြင်တုံတရားမဲ့စွာ ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သက်တော် ၈၃ နှစ် ဝါတော် ၁၀ ဝါရှိ ဘုန်းတော်ကြီး တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ကျေးရွာနေအပြစ်မဲ့ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦးသေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများသည် နီးစပ်ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆွေမျိုးများ၏ နေအိမ်များ၌ နေထိုင်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးပြီး ကျေးရွာအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အရာတော်မြို့နယ်၊ သလဲဘာကျေးရွာ နေရာပြပုံ



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အဝိုင်းရွာမကျေးရွာနေ ဝမ်စီသည် ၎င်းအသုံးပြုသည့် “Wan Si” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0w Kw M @

# စုန်၍မဆင်းသော

စံဈာနီထွန်း




(၁)

"ကဲ. . . နောက်ထိုးခံအုံးမလား"

"ဖုန်း ဖုန်း ဖုန်း"

"မလုပ်တော့ပါဘူး အဖေရဲ့"

"ဖုန်း ဖုန်း"

"တော်ပါတော့ ကိုတင်ဖေရယ်။ ရှင့်မလဲ ဒီသားနဲ့တော့ဒုက္ခပါပဲ"

ဇနီးဖြစ်သူက လက်ထဲက ကြက်မွေးတံမြက်စည်းကို ပြောပြောဆိုဆိုဆွဲယူလိုက်မှ ကျွန်တော်လဲ အရိုက်ရပ်လို့ အမောဖြေရပါတော့တယ်။ သားဖြစ်သူဖိုးလုံးလေးက စကားပြောရင် ပါးရွဲ့နားရွဲ့နဲ့ မွေးရာပါဉာဏ်မပြည့်သူ။ စာသင်မရ။ အသက်က နှစ်ဆယ်။ လူကပုပုသေးသေးသန်သန်မာမာ။ ကိုယ်လုံးကိုယ်ပေါက်က ဘရူစလီလို။ သုံးအိမ်ကျော်က တက်ကွူးထိုးသူက သူ့အစမ်းလေ့ကျင့်တိုင်း သားဖြစ်သူဖိုးလုံးကို ခေါ်ခေါ်ထိုးပေးနေတာ လက်မောင်းနဲ့လက်ဖျံတွေမှာအပြည့်။ ကျွန်တော် တစ်ခါကနေနှစ်ခါ၊ နှစ်ခါကနေ သုံးခါမြောက်ပြောမနေတော့ တင်ပါးနာနာတီးရတော့ပြီ။

"ဘယ့်နှယ် ဉာဏ်မမီတဲ့သားကိုမှ ခေါ်ခေါ်ထိုးပေးရတယ်လို့"

ရိုက်ပြီးမှ ဖိုးလုံးလေးကိုသနားပေမဲ့ ဒီလိုမှမရိုက်တော့ရင် ပိုဆိုးတော့မှာ။

"ဖိုးလုံးရေ အစ်မဖိနပ် ဖုန်လေးတွေခါပေးပါအုံး အချိန်မရတော့လို့"

"ဟုတ် မမကြီး"

သူ့အစ်မခေါ်လိုက်လို့ တင်ပါးလေးပွတ်ပြီး ဖိုးလုံးလှစ်ခနဲပြေးသွားတာမြန်ချက်။ အကြီးမမာလာတင်က ဆယ်တန်းဝိုင်းတွေမှာ အင်္ဂလိပ်စာလိုက်သင်သူ။ ဂိုက်ပြသူ။ အိမ်ကမဟေသီ(ကျွန်တော့်မိန်းမ)က မမာမကျန်း။ သိပ်အလုပ်မလုပ်နိုင်။ ထအလုပ်လုပ်ရင် မောမောနေတာ။ နှလုံးကသိပ်မကောင်း။ ဖိုးလုံးအထက် သားတစ်ယောက်က အိမ်ထောင်သည်။ ကျွန်တော်တို့နဲ့အတူနေပေမဲ့ သူတို့ဘာသာ အိုးခွဲချက်စားကြတာ။ အကြီးမ မာလာတင်အထက်မှာ သားကြီးတစ်ယောက်ရှိပေမဲ့ အဲဒီသားက သူ့ဘာသာအိမ်ဝယ်နေတာ။ အလုပ်က သင်္ဘောသား။ ပိုက်ဆံပေါပါတယ်။ ကားကိုသာ တစ်ကားပြီးတစ်ကားဝယ်စီးနေတာ။ မိဘကိုကန်တော့တာ တစ်လသုံးသောင်း။ ဒီခေတ်လက်ဖက်ရည်က တစ်ခွက် ငါးရာ၊ ခြောက်ရာဖြစ်နေတာ။ တစ်နေ့လက်ဖက်ရည်နှစ်ခွက်ဖိုးတောင်မရှိ။ နောက်တော့ ပေးမနေပါနဲ့တော့ကွာလို့ပဲ ပြောလိုက်ပါတယ်။ မိဘကို လတိုင်းထောက်ပံ့နေရတယ်ဆိုတဲ့ ပုတ်လောက်ကြီးတဲ့စကားလုံးကြီးကြီးတွေနဲ့ ဂုဏ်ဆာနေမှာမို့။

ကျွန်တော်မွေးထားတာ သားသမီးလေးယောက်။ မြေးကနှစ်ယောက်။ နေတာက သန်လျင်မြို့နယ်။ အငယ်ဆုံးသားဖိုးလုံးလေးက အိမ်အလုပ်မှန်သမျှ သူ့ကိုခိုင်း၊ သူ့ကိုပြောရင်လုပ်ပေမဲ့ ခုနလို သူများအိမ်က ခင်လို့ခေါ်။ ခေါ်လို့သွား။ သူများက သူ့ကိုခိုင်းရင် အကုန်လုပ်ပေးသဗျာ။ မသွားနဲ့ပြောလဲမရ။

"ဟယ် စည်ပိုင်းထဲကရေတွေကုန်သွားပြီ။ ဘယ်သူသုံးသွားတာလဲ မနက်ကမှ ခပ်ထည့်ထားတာကို"

ဖိုးလုံးအထက်က သားရဲ့မိန်းမ(ချွေးမ)အော်သံ။

"အစ်မ မနက်ကဖြည့်ထားတာနည်းနည်းလေးကို ရေဘယ်သူမှယူမသုံးဘူး။ အော်နေလဲအလကား ကျွန်တော်ပဲဖြည့်လိုက်မယ်"

ပြောပြောဆိုဆို ရေပုံးနှစ်လုံးနဲ့ဝါးထမ်းပိုးယူပြီး ကောက်ခနဲထသွားတဲ့ဖိုးလုံး။ ဖင်ကတော့ပေါ့ဗျာ။

(၂)

ကျွန်တော်ကပင်စင်စား။ ရတဲ့ပင်စင်လစာလေး သုံးလတစ်ကြိမ်သွားထုတ်။ သုံးလစာပင်စင်စရိတ်က တစ်လစာစားစရိတ်တောင်မလုံလောက်။ ကျွန်တော် မညာပါဘူး။ နှစ်လုံးထီ၊ ချဲထီထိုးမိပါသေးတယ်။ အိမ်စရိတ်ကာမိအောင်ထိုးတာပါ။ များများလဲမထိုးရဲပါဘူး။ ပင်စင်လစာလေးနဲ့အတူ သမီးကြီးထောက်ပံ့စာလေးနဲ့ အသက်ဆက်နေရတဲ့ဘဝ။ ဒီကြားထဲမဟေသီဆေးဖိုးကလဲရှိနေသေး။ သမီးကြီးက ရွှေ့လမှာ အိမ်ထောင်ပြုတော့မှာဆိုတော့ တွေးပြီးပူပန်မိပါတယ်။ အိုကြီးအိုမကျွန်တော်တို့လင်မယားနှစ်ယောက်နဲ့သားဖိုးလုံး။ အတွေးမဆုံးသေး ရှုတ်တရက်-

"ဖေကြီး ဖေကြီး"

"ဗေ"

"သားချွန်စက်ပျောက်သွားလို့ ဖေကြီးကူရှာပေးပါအုံး"

နှစ်တန်းမြေးအငယ်ကောင်ဖုန်းသန့်။ မျက်မှန်ကောက်တပ်လိုက်ရင်း ချွန်စက်ကူရှာတာမတွေ့။

"မင်းအမေရှာခိုင်းကြည့်အုံး ဖေကြီးလဲမတွေ့ဘူးကွ"

"မေမေလဲ အောက်ထပ်မှာ ရှာနေတာနဲ့နေပြီ။ မတွေ့လို့ ဖေကြီးဆီလာတာ"

"ဖိုးလုံးရေ ဖိုးလုံး"

"ဗျာ အဖေ"

"မင်းတူဖုန်းသန့်ချွန်စက်ပျောက်သွားလို့တဲ့။ မင်းယူကိုင်သေးလား"

"ချွန်စက်"

"ဘောလုံးချွန်စက်လေ ဦးဦးလေးဖိုးလုံးရဲ့အပြာရောင်လေး"

"ဩော်. . . ဘောလုံးသေးသေးလေးလား"

"ဘောလုံးချွန်စက်ပါဆို ဦးဦးလေးဖိုးလုံးကလဲ"

"ချွန်စက်မသိဘူး ဘောလုံးသေးသေးလေးမို့လှလို့ယူကိုင်ကြည့်ရင်း ဟိုဘက်အိမ်ကကောင်မလေးတောင်းလို့ပေးလိုက်တယ်"

"ဟင့် အင်း ဦးဦးဖိုးလုံး သားဟာပြန်ပေးပြန်ပေး"

ပြောရင်းခြေဆင်းငိုအော်ဟစ်နေတဲ့မြေးဖုန်းသန့်အသံပြကြောင့်-

"သားဘာဖြစ်လို့လဲ"

"ဦးဦးဖိုးလုံးပေါ့ သားချွန်စက်လေးကိုယူသွားတာ"

"ကလေးချွန်စက် ဘာဖြစ်လို့ယူသွားတာလဲ။ ပြန်ပေးလိုက်လေ။ တစ်အိမ်လုံးနှံ့နေပြီ။ ရှာရတာစိတ်တောင်ပျက်တယ်"

ချွေးမက ပြောပြောဆိုဆို ဖိုးလုံးရဲ့ နားရွက်လိမ်ဆွဲလိုက်တယ်။

"ဟဲ့ မတင်တော်ပြီမလုပ်နဲ့။ ငါသွားပြန်ယူပေးမယ်။ ဖိုးလုံးကမသိလို့ပေးလိုက်မိတာ"

ချွေးမဖြစ်သူမတင်ကိုဟန့်ရင်း လှေကားကဆင်းပြီး ဘေးအိမ်ကို ချွန်စက်သွားတောင်းရပါတော့တယ်။ ဒီဖိုးလုံးတစ်ယောက်လဲခက်ပါတယ်။ ကျွန်တော်က မျက်နှာသာမပေးမိတော့ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေကလဲ ဖိုးလုံးဆို ခိုင်းဖတ်၊ အနှိမ်ခံ၊ တစ်ဆင့်တက်တော့ အနိုင်ကျင့်ဆိုသလို။ ပါးစပ်က အမှန်ကိုပြန်ပြောတတ်ပေမဲ့ အကြီးတွေက ထိုးပဲထိုးထိုး၊ ရိုက်ပဲရိုက်ရိုက် ငြိမ်ခံနေတတ်သူ။ ပြန်မလုပ်။ အခုဟာက ဘာမှမတန်တဲ့ ဘောလုံးချွန်စက်လေး။ အင်း ဖိုးလုံးနဲ့တော့ ဘယ်လိုလုပ်ရပါ့။ ဟူး. . . အဖေလုပ်သူကျွန်တော့်မှာလဲ ဖိုးလုံးကြောင့် သက်ပြင်းချရပြီ။

(၃)

သမီးကြီးမင်္ဂလာဆောင်မှာ သတို့သားဘက်ကပဲ အစစအရာရာအကုန်အကျခံဆောင်ပေးပြီးလို့ ညနေပိုင်းမှာ လင်မယားနှစ်ယောက်ကျွန်တော်နဲ့ကျွန်တော့်မဟေသီကို လာကန်တော့အပြီး။

"သာဓု သာဓု သာဓု ဒီလင်ဒီမယားသက်ဆုံးတိုင်အိုအောင်မင်းအောင်ပေါင်းသင်းကြရပြီး စီးပွားဥစ္စာများတိုးတက်၍ ကြံတိုင်းအောင်ဆောင်တိုင်းမြောက်၊ လိုတိုင်းပြည့်ပြီး သားကောင်း၊ သမီးကောင်းများရရှိကံကောင်းနိုင်ကြပါစေ"

"အဖေနဲ့အမေ သမီး အစ်ကိုတို့အိမ်မှာပဲ သွားနေတော့မှာမို့ သမီးကိုခွင့်လွှတ်ပေးပါ။ အမေတို့အဖေတို့အတွက် လတိုင်းသမီးထောက်ပံ့ပေးသွားမှာပါ"

သမီးကြီးရဲ့အဝတ်အစား၊ အသုံးအဆောင်နဲ့တကွအိမ်မှာသမီးကြီးပိုက်ဆံနဲ့ဝယ်ထားသမျှအလုပ်သမားတွေနဲ့သမီးကြီးတို့လင်မယားကြီးကြပ်ပြီးကားပေါ်တင်သယ်ယူသွားကြပါပြီ။ ဩော်. . . သတို့သားဘက်ကအစစအရာရာအကုန်ခံမင်္ဂလာဆောင်ပေးလိုက်ကြတာကိုယ့်ဘက်က လက်ဖွဲ့လိုက်ရတာကတော့ ကျွန်တော်တို့ရဲ့ တစ်ဦးတည်းသောအဖိုးတန်သမီးလေး၊ အဖေ၊ အမေတို့ရဲ့နှလုံးသည်းပွတ်လေးပါပဲ။ ကျွန်တော့်မဟေသီက ကျွန်တော်မသိအောင် တစ်ဖက်လှည့်ရင်းမျက်ရည်တွေကို လက်ကိုင်ပဝါလေးနဲ့ တို့တို့သုတ်နေတာ ကျွန်တော်မြင်ဖြစ်အောင်မြင်လိုက်မိပါတယ်။

(၄)

အိမ်ထောင်ရှင်ဖြစ်သွားတဲ့သမီးကြီးခမျာ မိဘကိုအသိတရားနဲ့ လတိုင်းထောက်ပံ့ရှာပါတယ်။ နောက်ပိုင်းမှာတော့ ကိုဗစ်ရောဂါကစလာ။ ကိုယ်ဝန်ကရှိ။ သမီးကြီးစာသင်ရတဲ့အလုပ်က အဆင်သိပ်မပြေ။ ချမ်းသာပြည့်စုံတဲ့ယောက္ခမအိမ်မှာ ကပ်နေရရှာတော့ ခင်ပွန်းနဲ့ယောက္ခမမျက်နှာကြည့်ရတယ် ထင်ပါရဲ့။ အိမ်ကိုလာရင် မျက်နှာမကောင်းရှာ။ သမီးမျက်နှာအရိပ်လိုကြည့်နေတဲ့ကျွန်တော် သမီးကိုသနားလို့။

"လတိုင်းမထောက်ပံ့ပါနဲ့တော့။ သမီးအဆင်ပြေအောင်သာအရင်လုပ်ပါ။ အဖေတို့ဘာသာကြည့်စားပါ့မယ်"လို့ ကျွန်တော်ပြောလိုက်ပါတယ်။

ကျွန်တော်နှစ်လုံးထီတောင်မထိုးရဲတော့ပါဘူးဗျာ။ နှစ်လုံးထီပြတ်သွားတာကလဲ ခပ်ကောင်းကောင်း။ အရေးထဲဖိုးလုံးအထက်က အိမ်မှာခေါ်ထားတဲ့ သားလင်မယား ငွေကြေးပြဿနာတွေနဲ့ရန်တွေဖြစ်၊ ထသတ်ကြလို့ ချွေးမဖြစ်သူက မြေးအငယ်ကောင်လေးခေါ်ပြီး သူ့ဇာတိမြို့ပြန်သွားတာ။ မြေးအကြီးကောင်က ကျွန်တော်တို့လက်ထဲမှာ ကျန်ရစ်ခဲ့တာပေါ့။ ငွေကြေးပြဿနာဆိုတာ တခြားဟုတ်ရိုးလား။ နှစ်လုံးထီကြောင့်ပေါ့ နှစ်လုံးထီကြောင့်။ အဲဒါကြောင့် ကျွန်တော်ပြတ်သွားတာ ခပ်ကောင်းကောင်းလို့ပြောတာ။ မြေးလေးအဖေ ကျွန်တော့်သားကတော့ အဲဒီကတည်းက အိမ်က ထွက်သွားလိုက်တာ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းမသိ။ ကျန်ခဲ့တဲ့သူကကျွန်တော်။ ကျွန်တော့်မဟေသီ၊ ဖိုးလုံး၊ သားကမွေးတဲ့ မြေးအကြီးကောင်။ ပင်စင်လစာမလောက်။ သားသမီးထောက်ပံ့ငွေ ယခုအခါမရ။ မြေးကအဆစ်ပါ။ ကျန်ခဲ့တဲ့သားကဉာဏ်မမီ။ မဟေသီက ကျန်းမာရေးမကောင်း။ ခေါင်းကမီးတောက်။

(၅)

အဲဒီနေ့က မိသားစုစရိတ်အတွက် ကြံမိကြံရာဆိုက်ကားနင်းဖို့။ တစ်ကြောင်းပဲရရ၊ နှစ်ကြောင်းပဲရရ။ ကျွန်တော်ဆိုက်ကားနင်းပါတော့မယ်။ ဆိုက်ကား

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ပြည်ပသို့ သင်္ဘော ၆၅ စီးဖြင့် ဆန် ၁၁၅၃၀၄၈ တန် တင်ပို့ရောင်းချပေးခဲ့



**ရန်ကုန် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံမှ ဆန်များကို ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ သင်္ဘော ၆၅ စီးဖြင့် ဆန် ၁၁၅၃၀၄၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင် အနေဖြင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှတင်ပို့ရောင်းချပေးရာတွင် စရိတ်စက ပိုမိုသက်သာစေရေးနှင့် အချိန်နှင့် တစ်ပြေးညီ တင်ပို့ရောင်းချပေးနိုင်ရေးအတွက် Bulk Carrier သင်္ဘောကြီးများဖြင့် တင်ပို့ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့သဖြင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပိုမိုတွက်ခြေကိုက်စေသည့်အပြင် နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်စေသည်။

ထိုသို့ တင်ပို့ရောင်းချပေးရာ ၂၀၂၂ ခုနှစ် ဧပြီလတွင် Bulk-Carrierသင်္ဘောကြီး ၁၂ စီးဖြင့် ဆန် ၂၆၁၁၇၈ တန်၊ မေလတွင် Bulk Carrier သင်္ဘောကြီး ၁၁ စီးဖြင့် ဆန် ၂၁၀၄၀၂ တန်၊ ဇွန်လတွင် Bulk Carrier သင်္ဘောကြီးလေးစီးဖြင့် ဆန်တန်ချိန် ၁၁၀၇၅၀၊ ဇူလိုင်လတွင် Bulk Carrier သင်္ဘောကြီး ခြောက်စီးဖြင့် ဆန်တန်ချိန် ၁၇၂၁၅၀၊ ဩဂုတ်လတွင် Bulk Carrier သင်္ဘောကြီးတစ်စီးဖြင့် ဆန်တန်ချိန် ၁၉၄၀၀၊ စက်တင်ဘာလတွင် Bulk Carrierသင်္ဘောကြီးနှစ်စီးဖြင့် ဆန် ၃၅၂၆၅တန်၊ အောက်တိုဘာလတွင် Bulk Carrierသင်္ဘောကြီးရှစ်စီးဖြင့် ဆန် ၁၁၄၃၉၄ တန်၊ နိုဝင်ဘာလတွင် Bulk Carrier သင်္ဘောကြီး ၁၂ စီး ဖြင့်ဆန်တန်ချိန် ၁၅၃၁၂၀၊ ဒီဇင်ဘာလတွင် Bulk Carrier သင်္ဘောကြီး ကိုးစီးဖြင့် ဆန် ၇၆၃၈၉ တန် စုစုပေါင်း BulkCarrier သင်္ဘောကြီး ၆၅ စီးဖြင့် ဆန် ၁၁၅၃၀၄၈ တန် တင်ပို့ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၃၃၆)

# ပဲခူးမြို့နယ် စိုင်တီကျေးရွာ၌ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုင်တီကျေးရွာ၌ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက Cash For Work (CFW) စီမံကိန်းကော်မတီဝင်များနှင့်အတူ စိုင်တီကျေးရွာ၌ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် စိုင်တီကျေးရွာ၌ အလျားပေ ၁၉၀၊ အနံပေ ၁၄၀၊ အနက် သုံးပေ မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းကို Cash For Work (CFW) စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်နေပြည်သူလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ စိုင်တီကျေးရွာရှိ ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာတော့မည်ဖြစ်ကြောင်း၊ အိမ်ထောင်စု ၁၃၃ စု၊ လူဦးရေ ၈၁၀ အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

**သုတ**



➤ စာမျက်နှာ ၂၄မှအဆက်

ထောင်တဲ့အုံနာဆီကဆိုက်ကားလေးယူပြီး အိမ်ရှေ့အရောက်။

"အဖေ အဖေ ဘာလုပ်မလို့လဲ"

သားဖိုးလုံးက အမောတကောပြေးပြီးလာအမေး-

"အဖေ ဆိုက်ကားနင်းမလို့"

"အိုဗျာ အဖေ ဘာလို့ဆိုက်ကားနင်းမှာလဲ။ ကျွန်တော်တစ်ယောက်လုံးရှိနေတာပဲ ပေးပေးပြန်သွားထားလိုက်မယ်"

ကျွန်တော့်လက်ထဲကဆိုက်ကားကို အတင်းလုပြီး ပြန်တွန်းသွားတာဗျာ။ သူဆွဲယူသွားတော့ ကျွန်တော်ဆွဲမထားနိုင်။ လက်လွှတ်ပြီး ဒီအတိုင်းကြည့်နေလိုက်ရပါကော။ ဖိုးလုံးပြန်လာတော့ လက်ထဲမှာစားစရာတွေအပြည့်ပိုက်လာလိုက်တာ။

"ရော့ အဖေနဲ့အမေအတွက်"တဲ့။

ဘာတွေလဲကြည့်လိုက်တော့ ကန်စွန်းရွက်က သုံးစည်းစာလောက်။ အများကြီးဗျာ။ ပဲပင်ပေါက်အထုပ်ကြီးကတစ်ထုပ်၊ ဂေါ်ဖီကတစ်ခြမ်း၊ ကုလားပဲတစ်ထုပ်၊ အာလူးကပါသေး၊ ဆန်ကတစ်ပြည်၊ ဆီကလဲ ရေသန့်ဘူးနဲ့တစ်ဘူးဗျာ။ အမယ် သင်္ဘောသီးပါ ပါလာသေးသဗျာ။

"ဟဲ့ ငါ့သားဖိုးလုံး ဘယ်ကရတာလဲ"လို့မေးတော့-

"အဖေကလဲဗျာ မေးမနေပါနဲ့။ ကန်စွန်းရွက်က ကန်မှာသွားခူးလာတာ။ တခြားဟာတွေက တက်တူးအိမ်က။ ဆန်နဲ့ဆီကကျွန်တော်ရေထမ်းပေးတဲ့အိမ်ကပေးလိုက်တာ။ အရင်ကတည်းက ကျွန်တော့်ကိုပေးပေးနေတာ အဖေမကြိုက်မှာမို့ ကျွန်တော်ကမယူလာတာ။ အခုတော့ယူလာလိုက်တာ"

"ရော့ အဖေတို့စားရအောင်ယူသာယူပါ။ နောက်နေ့လဲ အဖေမပူနဲ့တော့ ကျွန်တော်ရေထမ်းရောင်းပြီးရှာကျွေးမယ်။ အဖေဆိုက်ကားမနင်းနဲ့။ အဖေဆိုက်ကားသွားနင်းရင် ကျွန်တော်စိတ်ဆိုးတယ်"

"အေးပါကွာ"လို့ ဆို့နင့်စွာပြောရင်း သားဖိုးလုံးကို စိုက်ကြည့်နေမိပါတော့တယ်။

ဩော် . . ဉာဏ်မမီရှာပေမဲ့ အသိလေးကမီရှာပါလားရယ်လို့ ရင်ထဲမှာဝမ်းနည်းဝမ်းသာဖြစ်မိပါတော့တယ်။ သူပြောတဲ့အတိုင်း ဖိုးလုံးလေးက ရေထမ်းရောင်းပြီး ကျွန်တော်တို့တစ်အိမ်လုံးကို ရှာကျွေးနေတာ။ အခုဆိုနှစ်ပေါက်ပါပြီ။ အိမ်ထဲမှာ သားသမီးတွေရဲ့ ဘွဲ့ရဓာတ်ပုံတွေကြွားလုံးထုတ်ချိတ်ထားသမျှ အကုန်သူတို့ကိုယူချင်သူယူခွင့်ပေးရပါအုံးမယ်။ နောက်ပြီး အိမ်ကို ဘယ်သူလာလာ ဖိုးလုံးလေးကို အရင်လိုမနှိမ်ကြဖို့၊ မမာန်မဆူကြဖို့၊ လက်မပါကြဖို့၊ မခိုင်းကြဖို့ အားလုံးကိုပြောရပါတော့မယ်။

## မေတ္တာဆု

\- စိတ်သန္တေ ဖြူစင်ဖွေးလို့
ရှင်ကြည်အေးတဲ့ ပို့မေတ္တာ
ဝေနေများစွာ၊
မာနတရား ကင်းစင်ကွာ
စေတနာ ထပ်ဆင့်ကုံး၊
မျှဝေသူ နှလုံးသားရယ်က
ပရတွေထူ အပြုံးအားနဲ့
မုန်းအား မသုံး။

\- လောကမူ စကားတစ်လုံးက
မဆုံးနိုင်တဲ့ သံသရာ
ဖြစ်ပြီးပျက်ပါ၊
မမြဲခြင်း သဘောမှာ
တွေ့ဆုံလာ ကြုံသခိုက်၊
အပူများထင် ခရီးလမ်းမှာ
ယူသွားချင် မညည်းစတမ်းပေါ့
ငြိမ်း ကုသိုလ်ပိုက်။

\- အပြစ်ထင် အဆိုးအမိုက်ရယ်က
ဘုရားမကြိုက် ဟောကြားတာ
ရှောင်ရှားဖယ်ခွာ၊
ပရနှလုံး မွေးရန့်ဖြာ
မွန်မြတ်ရာ ပြုမူများ၊
ဘေးဘယာတွေ ဝေးကွာမှုအတွက်
တေးကဗျာခွေ ရေးကာပြုတယ်
ဆုဖြစ်စေသား။ ။

**ဇေဒါမောင်(ပညာရေး)**

# ပျော်ဘွယ်မြို့နယ် နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ နတ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရန် အသင်းသူ၊ အသင်းသား စုစုပေါင်း ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၂၂ သန်းဖိုးရှိ ပြောင်း ၁၆၀၈၁၅ တန် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဇန်နဝါရီ ၂၈**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၂၂ သန်းတန်ဖိုးရှိ ပြောင်း ၁၆၀၈၁၅ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၀၇၅ သန်းတန်ဖိုးရှိ ပြောင်း ၁၂၅၆၇၅ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ပြောင်း ၃၅၁၄၀ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၂၂ သန်းတန်ဖိုးရှိ ပြောင်း ၁၆၀၈၁၅ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြောင်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၅၅၆၉၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၄၃၇၀၊ ဗီယက်နမ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၉၀၅၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၆၂၀၀၊ မလေးရှားနိုင်ငံသို့ ပြောင်း ၂၄၅ တန်နှင့် တရုတ်(တိုင်ပေ)သို့ ပြောင်းတန်ချိန် ၁၂၀ စုစုပေါင်းပြောင်း ၁၂၅၆၇၅ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ပြောင်းတင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၅၁၄၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# သထုံမြို့နယ် အင်းဝိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းဝိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အင်းဝိုင်းကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၆ ဦးကို စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇီးကုန်း ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ ပေါက်ပင်ဆိတ်ကျေးရွာ၌ ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများက ပေါက်ပင်ဆိတ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ အတိုး၊ အရင်းငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ရေးအလေးထားဆောင်ရွက်ကြရန်နှင့် ကျေးရွာ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၅ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းထံမှ သိရသည်။

**ကိုညို**

# စလင်းမြို့နယ် ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**စလင်း ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဖောင်းလင်းကျေးရွာ၌ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးလမ်းကော်မတီဝင်များနှင့်အတူ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကုန်ထုတ်လမ်း အရှည် ၂ မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၆၄ ဒသမ ၉၅၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် တော်ဝင်ထွန်း(ဆင်ဖြူကျွန်း)ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ဖောင်းလင်းကျေးရွာရှိ တောင်သူများသာမက ကူတို(တ)ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ ငွေတောင်ကျေးရွာရှိ အိမ်ထောင်စု ၈၁၉ စု၊ လူ ၃၄၃၆ ဦး၊ လယ်ဧက ၁၆၅၀ ကျော် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**



# မူဆယ်မြို့နယ် နမ့်ဟွယ်နေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မူဆယ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းယု (၁၀၅)မိုင်အုပ်စု နမ့်ဟွယ်နေ ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နမ့်ဟွယ်နေကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရန်ပုံငွေတိုးပွားရေး၊ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးစိုင်းကျော်လေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ဟွယ်နေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၅၀၉ သိန်းကို စီမံကိန်းလက်စွဲစာစောင်၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးနှင့် တာဝန်ရှိသူများ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြတ်ဆု**

# ဆန်းကြယ်လှပလွန်းသော သစ်ပင်လိုဏ်ခေါင်းများ

နိုင်ဇင်

ကမ္ဘာပေါ်တွင် သဘာဝအတိုင်းဖြစ်ပေါ်နေသော ဥမင်လိုဏ်ခေါင်းများသာမက အလှပဆုံး၊ ရင်ခုန်စရာ အကောင်းဆုံးနှင့် အံ့သြဖွယ်ကောင်းသည့် ပန်းပွင့်သောသစ်ပင်များဖြင့် ပြုလုပ်ထားသည့် ဥမင်လိုဏ်ခေါင်းများလည်းရှိသည်။ ကမ္ဘာပေါ်တွင် သက်တမ်းအကြာဆုံး သက်ရှိများဖြစ်သည့် သစ်ပင်များသည် အရောင်အသွေးစုံလင်စွာဖြင့် လောကကိုအလှဆင်နေသကဲ့သို့ လူသားတို့ကိုလည်း အမိုးအကာနှင့် အရိပ်အာဝါပံ့ပိုးပေးခြင်းဖြင့် ပတ်ဝန်းကျင်နှင့်လူသားတို့ကို အကာအကွယ်ပေးထားကြသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏သက်ရောက်မှုကို သစ်ပင်များက စုပ်ယူပေးခြင်းဖြင့် လေထုကိုသန့်စင်ပေးသည်။

ထိုသို့သော စိမ်းစိုလန်းဆန်းလှပနေသော သစ်ပင်များပေါက်ရာ သစ်ပင်တန်းလမ်းရှိ သစ်ပင်၏အကိုင်းအခက်များပေါ်မှ ဖြာကျနေသော အလင်းရောင်များကြား လမ်းလျှောက်ရခြင်းသည် ကြည်နူးစရာကောင်းလှပေသည်။ သစ်ပင်အကိုင်းအခက်များသည် သဘာဝအတိုင်း ဥမင်လိုဏ်ခေါင်းတစ်ခုအဖြစ် ကွေးသွားသောအခါ ၎င်း၏အလှတရားသည် မြင်တွေ့ရသူတို့ကို ကြည်နူးဖွယ်ဖြစ်သကဲ့သို့ တစ်ခါတစ်ရံ အနည်းငယ်ထိတ်လန့်ဖွယ်ရာလည်း ကောင်းပေသည်။ ကမ္ဘာတစ်ဝန်းတွင် သစ်ပင်မှဖြစ်ပေါ်လာသည့် စိမ်းလန်းသော ဥမင်လိုဏ်ခေါင်းများစွာရှိပြီး ၎င်းတို့ထဲမှတချို့ကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**ဂျပန်နိုင်ငံတွင်တည်ရှိသည့် လှပသော ခရမ်းနုရောင် ပဲနွယ်ပန်းပင် ဥမင်လိုဏ်ခေါင်း**



ဤရင်သပ်ရှုမောဖွယ် ပန်းဥမင်လိုဏ်ခေါင်းလမ်းသည် Kawachi ပန်းဥယျာဉ်တွင်တည်ရှိပြီး ပဲနွယ်ပန်းပင် (Wisteria)ဥမင်လိုဏ်ခေါင်းဟုလူသိများသည်။ ၎င်းလမ်းတွင် လမ်းလျှောက်ရခြင်းသည် အလွန်အေးချမ်းပြီး ကြည်နူးဖွယ်ကောင်းလှသည်။ ဧပြီလနှင့်မေလသည် ၎င်းခရမ်းနုရောင်ပဲနွယ်ပန်းပင်များ ပန်းပွင့်သည့်လများဖြစ်ပြီး နှစ်စဉ် Fuji Matsuri သို့မဟုတ် Wisteria Festival တွင် အံ့ဖွယ်ပန်းပွင့်သော ဥမင်လိုဏ်ခေါင်းတစ်ခုဖြစ်သည့် Wisteria ၌ ပန်းပင်အမျိုးအစားများနှင့် အရောင်အမျိုးမျိုးတို့ကို ဆလင်ဒါပုံသံဆန်ခါကွက်များဖြင့် ရက်လုပ်ကာ အလှဆင်ပြသထားပါသည်။

**ကမ္ဘာတစ်ဝန်းရှိ အလှဆုံးသစ်ပင်ဥမင်များထဲမှတစ်ခုဖြစ်သော ဟာကာရန်ဒါလျှောက်လမ်း**



တောင်အာဖရိကတိုက်ရှိ ကိပ်တောင်းမြို့သည် တောင်အာဖရိကတွင် ရှေးအကျဆုံးနှင့် ဒုတိယအကြီးဆုံးမြို့ဖြစ်သည့်အပြင် ဂျိုဟန်နာစဗက်မြို့သည် ကမ္ဘာ့အကြီးဆုံး လူလုပ်သစ်တောများတည်ရှိရာမြို့ဖြစ်သည်။ ဂျိုဟန်နာစဗက်မြို့တွင် သစ်ပင်များ ပိုမိုများပြားစွာပေါက်ရောက်ပြီး သစ်ပင် ၁၀ သန်းကျော် ပေါက်ရောက်လျက်ရှိသည်။ ဟာကာရန်ဒါသစ်ပင်မျိုးစိတ်ပေါင်း အနည်းဆုံး ၄၉ မျိုးရှိပြီး ၎င်းမျိုးစိတ်အများစု၏မျိုးရင်းမှာ တောင်အမေရိကနှင့် ကာရေဘီယံမြစ်ဝှမ်းတို့မှဖြစ်သည်။

၎င်းဟာကာရန်ဒါ အပူပိုင်းသစ်ပင်မျိုးများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က တောင်အာဖရိကသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလသည် ဟာကာရန်ဒါအပင် ထောင်ပေါင်းများစွာ၏ ပန်းများအပြည့်အဝပွင့်သောလဖြစ်သည်။ အထက်တွင်ဖော်ပြထားသည့် ကြီးကျယ်ခမ်းနားသော သစ်ပင်ဥမင်လိုဏ်ခေါင်းသည် ဟာကာရန်ဒါပန်းများ ပေါက်ရောက်ရာမြို့ဖြစ်သော ဂျိုဟန်နာစဗက်မြို့၌တည်ရှိပြီး ပန်းပွင့်ရာသီတွင် ခရမ်းရောင်၊ အပြာရောင်တောက်တောက်များဖြင့် မြို့တစ်ခုလုံးကို ခြယ်မှုန်းထားသည်။

**ဗြိတိန်နိုင်ငံရှိ လှပသော ကျောက်ထင်းရှူးဥမင်လိုဏ်ခေါင်း**



ကျောက်ထင်းရှူးဥမင်လိုဏ်ခေါင်းကို ဗိုင်ရာမိသားစုက ၁၈ ရာစုအတွင်း စိုက်ပျိုးခဲ့သည်ဟုဆိုကြသည်။ ဗြိတိန်နိုင်ငံ၌ ပေါက်ရောက်သော ၎င်းအပင်များသည် ထူးခြားစွာပင် မြင့်လာသောအခါတွင် ကွေးလာကာ ဥမင်လိုဏ်သဖွယ်ဖြစ်လာသည်ကို တွေ့ရသည်။ ၎င်းအပင်တို့၏ ပင်စည်များသည် ဖြန့်ကားလာပြီး အကိုင်းအခက်များသည် ရောထွေးကုန်ကာ လိုဏ်ခေါင်းသဖွယ်ဖြစ်သွားသည်ကို တွေ့ရသည်။

**ဂျပန်နိုင်ငံတွင်ရှိသော ဂင်ကိုသစ်ပင်လိုဏ်ခေါင်း**



ဂင်ကိုသစ်ပင်လိုဏ်ခေါင်းသည် ဂင်ကိုဘီလိုဘာသစ်ပင်များဖြင့် ဖုံးအုပ်ထားသည်။ ၎င်းဂင်ကိုသစ်ပင်များသည် နှစ်ပေါင်းများစွာ ရှင်သန်နိုင်သည်ဟု လူသိများသောကြောင့် ဂျပန်ယဉ်ကျေးမှုအရ အလွန်လေးစားကြည်ညိုရသော သစ်ပင်တစ်ပင်အဖြစ် သတ်မှတ်ထားသည်။ ဂျပန်နိုင်ငံ၏ လမ်းများ၊ ပန်းခြံများတွင် ပေါက်နေသော ဂင်ကိုအပင် အနည်းဆုံး ၆၅၀၀၀ ကျော်ရှိသည်။ ဂင်ကိုသစ်ပင်ဥမင်လိုဏ်ခေါင်းသည် Meiji Shrine ဘုန်းကြီးကျောင်း၏ အပြင်ဘက်တွင်တည်ရှိသည်။

ဟီရိုရှီးမားမြို့ ဗုံးကျဲခံရစဉ်က အခြားသစ်ပင်များနှင့် သက်ရှိသတ္တဝါများ အလွန်ဆိုးရွားစွာ သေဆုံးခဲ့သည့်တိုင် ဂင်ကိုအပင်ခြောက်မှာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။ ထိုသစ်ပင်များသည် ယခုအချိန်ထိလည်း သက်ရှိထင်ရှားရှိနေဆဲဖြစ်ပြီး ၎င်းတို့ကို လူအများအပြား လာရောက်ကြည့်ရှုကြသည်။ ဂျပန်လူမျိုးတို့သည် ၎င်းသစ်ပင်များကို မျှော်လင့်ချက်ဆောင်ကြဉ်းပေးသူ သို့မဟုတ် အသက်ရှင်ကျန်ရစ်သူ သို့မဟုတ် သက်ရှိရုပ်ကြွင်းအဖြစ် သတ်မှတ်ထားကြသည်။

**မြောက်အိုင်ယာလန်တွင်ရှိသော ချောက်ချားဖွယ်ရာလျှောက်လမ်း**

မြောက်အိုင်ယာလန်တွင်ရှိသော ချောက်ချားဖွယ်ရာလျှောက်လမ်း (Dark Hedges)သည် မြောက်အိုင်ယာလန်တွင် ဓာတ်ပုံရိုက်အများဆုံး သဘာဝအတိုင်းဖြစ်ပေါ်နေသည့် နေရာများထဲမှ တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအတွက် ရေပန်းစားသော ဆွဲဆောင်မှုတစ်ခုလည်းဖြစ်သည်။ ရာနှင့်ချီသော အနုပညာရှင်များက လာရောက်ပြီး



ပုံတူပန်းချီရေးဆွဲလေ့ရှိသလို Pre- Wedding မင်္ဂလာဓာတ်ပုံများ အရိုက်အများဆုံးနေရာလည်းဖြစ်သည်။

**ဂျပန်နိုင်ငံတွင်ရှိသော ဝါးတောလမ်းဥမင်လိုဏ်ခေါင်း**

ဂျပန်နိုင်ငံ Arashiyama ခရိုင် တိုကျိုမြို့တွင် Sagano ဟုခေါ်သော ဝါးတောရှိသည်။ ၎င်းဝါးတောတွင် မီတာ ၅၀၀ အရှည်ရှိသော ဝါးတောလျှောက်လမ်းသည် ဝါးတောကိုဖြတ်၍တည်ရှိသည်။ ဂျပန်နိုင်ငံသည် ထိုရှည်လျားသော ဝါးတောကြီးကို သမိုင်းဝင်



နေရာတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ယဉ်ကျေးမှုထိန်းသိမ်းရေးရာအေဂျင်စီက ၎င်းနေရာကို ရှုခင်းသာအလှတရားများရှိရာနေရာအဖြစ် ကြေညာခဲ့သည်။

ဝါးတောလျှောက်လမ်းဘေးတွင် မြင့်မားသော ဝါးပင်များသည် လမ်းကိုဝန်းရံထားသောကြောင့် ၎င်းလမ်းပတ်ဝန်းကျင်ဧရိယာသည် အစဉ်အေးမြနေသည်။ ထင်ရှားသော ဘုရားကျောင်းများနှင့် နတ်ကွန်းများသည် ဝါးတောလမ်းဥမင်လိုဏ်ခေါင်းအနီးတွင်တည်ရှိပြီး လေတိုက်ခတ်သည့်အခါ ဝါးများအချင်းချင်းပွတ်တိုက်သံကို ကြီးကျယ်ခမ်းနားသော အသံသာအဖြစ် ကြားနိုင်သည်။

**ဂျာမနီနိုင်ငံတွင်ရှိသော ချယ်ရီပင်ဥမင်လိုဏ်ခေါင်း**



ချယ်ရီပင်ဥမင်လိုဏ်ခေါင်းသည် ဂျာမနီနိုင်ငံ ဘွန်းမြို့တွင် တည်ရှိသည်။ သာယာလှပသော ချယ်ရီပန်းပင်များ အစီအရီပေါက်ရောက်လိုက်၊ ကြွေကျလိုက်ဖြစ်နေသည့် အေးချမ်းသောလမ်းတစ်ခုဖြစ်သည်။ နွေဦးတွင် အပွင့်များအပြည့်ပွင့်ကာ အသက်ဝင်စွာလှပနေသော ပန်းချီကားတစ်ချပ်ကဲ့သို့ ဖြစ်နေတတ်သည်။ ချယ်ရီပန်းများသည် တစ်ခါပွင့်လျှင် ပျမ်းမျှအားဖြင့် ခုနစ်ရက်မှ ၁၀ ရက်ထိ ကြာရှည်သည်ဟုဆိုကြသော်လည်း ရာသီဥတုအခြေအနေအပေါ် များစွာမူတည်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**Most Amazing Tree Tunnels, You Definitely Love to Walk Through ကို ဘာသာပြန်ဆိုပါသည်။**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ၊ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၆ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


## "ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနိုးဆော်လွှာ"



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး
ညဏ်တော်အမြင့် (၆၃)ပေ၊ ပလ္လင်တော်အမြင့် (၁၈)ပေ



ပိဋကတ်ကျောက်စာမဏ္ဍပစေတီတော်
(ကျောက်စာချပ်- အလျား၄၅"အမြင့်၉၃"၊
အထူ၇. ၂"၊ ၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်
(ပါဠိရိုမန်အက္ခရာ/ပါဠိမြန်မာ)



အလှူရှင်၏ ကမ္ပည်းမှတ်တမ်း

### ပိဋကသုံးပုံကျမ်းစာအုပ်အလှူ

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ညဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာမဏ္ဍပစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ် အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမှ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ(Pali-Myanmar)၊ ပါဠိ - ရိုမန်(Pali- Roman) အက္ခရာ နှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ် (Creamy Coated Paper)တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ အလှူရှင်၏အမည် ကမ္ပည်းမှတ်တမ်းအား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံ လျှင်(၂၀ သိန်း)ကျပ်** နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နိုးဆော်တိုက်တွန်းအပ်ပါသည်။

### ပိဋကတ်ကျောက်စာမဏ္ဍပစေတီတော်အလှူ

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း ဆဋ္ဌသင်္ဂါယနာမှ ပိဋကတ်ပါဠိတော်များကို ကျောက်စာချပ်(၁၄၄၀)ချပ် အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားရှိကာ ကျောက်စာမဏ္ဍပစေတီတော် **(၇၂၀)ဆူ** တည်ဆောက်ပူဇော်လျက်ရှိပြီး ကျောက်စာမဏ္ဍပစေတီတော်တစ်ဆူလျှင် ပါဠိ - မြန်မာ (Pali-Myanmar)၊ ပါဠိ - ရိုမန် (Pali- Roman) အက္ခရာ နှစ်မျိုးတို့ဖြင့် ရေးထိုးထားသော ကျောက်စာချပ်(၂)ချပ် ပါဝင်ပါသည်။ ယခုအခါ ကျောက်စာမဏ္ဍပစေတီတော်(၇၂၀)ဆူ အနက် (၅၆၀)ဆူ အား ဆောက်လုပ်လှူဒါန်းပူဇော်ထားရှိပြီး **(၁၆၀)ဆူ** လှူဒါန်းရန်ကျန်ရှိပါသည်။ အဆိုပါ ကျောက်စာမဏ္ဍပစေတီတော် **တစ်ဆူလျှင်(၂၇၉ သိန်း)ကျပ်** နှုန်းဖြင့် လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် – ဖုန်း – ၀၉၄၂၉၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၀၆



## ဝန်ထမ်းအလိုရှိသည်

(TRITON သောက်ရေသန့်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်)

1. Operation Manager- **ကျား (၁)ဦး**
2. Sales & Marketing Manager - **ကျား/မ (၁)ဦး**
3. Sales Staff - **ကျား/မ (၂)ဦး**
4. Marketing Staff- **ကျား/မ (၂)ဦး**
5. Digital Marketing- **ကျား/မ (၁)ဦး**
6. Senior Accountant- **မ (၁)ဦး**
7. Junior Accountant- **မ (၂)ဦး**
8. Admin Staff- **မ (၁)ဦး**
9. Customer Service- **မ (၂)ဦး**
10. Quality Control(QC)- **ကျား (၁)ဦး**
11. Maintenance (M&E)- **ကျား (၁)ဦး**
12. ပစ္စည်းထုတ်လုပ်ရေးဝန်ထမ်း- **ကျား/မ (၇)ဦး**
13. အထွေထွေဝန်ထမ်း- **ကျား/မ (၇)ဦး**
14. ယာဉ်မောင်း- **ကျား (၃)ဦး**
15. ယာဉ်အကူဝန်ထမ်း- **ကျား (၆)ဦး**
16. ရေပို့ဝန်ထမ်း- **ကျား (၄)ဦး**
17. လုံခြုံရေးဝန်ထမ်း- **ကျား (၂)ဦး**
18. သန့်ရှင်းရေးဝန်ထမ်း- **မ (၁)ဦး**

အထက်ဖော်ပြပါ ရာထူးများအား လူကိုယ်တိုင်ဖြစ်စေ၊ Online မှဖြစ်စေ လျှောက်ထားနိုင်ပါသည်။

လိပ်စာ- ကောင်းသန့်တော်ဝင်ကုမ္ပဏီ (TRITON သောက်ရေသန့်)၊ ၈၆လမ်း၊ ၁၃လမ်း×၁၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း- 09-962 300 800 / 09-442 300 800 (Viber)

(ရုံးချိန်- နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်းသာ ဆက်သွယ်ရန်)

Email-triton.4myanmar@gmail.com



## ဝန်ထမ်းအလိုရှိသည်

1. Shop Manager **(ဆိုင်မန်နေဂျာ–မ) ၃ ဦး**
   (Any graduate/အတွေ့အကြုံ 3 နှစ်)
2. Auditor (B.Com,LCCI Level-3) (UK) **(စာရင်းစစ်–မ) ၅ ဦး**
   (အတွေ့အကြုံ ၃ နှစ်)
3. Senior Accountant (B.Com,LCCI Level-3) (UK) **၅ ဦး**
   (အတွေ့အကြုံ ၃ နှစ်)
4. Junior Accountant (LCCI Level-2) **(စာရင်းကိုင်–မ) ၅ ဦး**
   (အတွေ့အကြုံ ၃ နှစ်)
5. Sale & Marketing **(ဈေးကွက်ရှာဖွေရေး–ကျား/မ) ၅ ဦး**
   (Any graduate/အတွေ့အကြုံ ၃ နှစ်)
6. Salesman **(ကျွမ်းကျင်ဝန်ထမ်း–မ) ၅ ဦး**
   (Any graduate/အတွေ့အကြုံ ၃ နှစ်)
7. Cashier **(ကျွမ်းကျင်ဝန်ထမ်း–မ) ၅ ဦး**
   (Any graduate/အတွေ့အကြုံ ၃ နှစ်)
8. Store Keeper **(ဂိုဒေါင်မှူး ကျား/မ) ၅ ဦး**
   (Any graduate/အတွေ့အကြုံ ၃ နှစ်)
9. Driver- လိုင်စင်(အနီ) **(ယာဉ်မောင်း–ကျား) ၅ ဦး**
10. General **(အထွေထွေဝန်ထမ်း–ကျား) ၁၀ ဦး**
11. Security **(လုံခြုံရေး–ကျား) ၅ ဦး**

**မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင်မူတည်၍ လစာခံစားခွင့်ရှိသည်။**

**"ဝင်းချယ်ရီကုမ္ပဏီလီမိတက်"**

အမှတ်(၂၆၅)၊ ၃၅လမ်း၊ လမ်း၈၀ နှင့် ၈၁လမ်းကြား၊ မန္တလေးမြို့၊ လူကိုယ်တိုင် (CV Form)၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ (30.1.2023)ရက်ထိ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**E-mail လိပ်စာ**-winattention888@gmail.com သို့လည်းလျှောက်ထားနိုင်ပါသည်။

**အင်တာဗျူးချိန်**- နံနက် ၉း၀၀နာရီ မှ ၁၂း၀၀ နာရီထိ (30.1.2023 မှ 4.2.2023ထိ)

**ဆက်သွယ်ရန်**- 09-408900635/09-440433359/09-407852288/09-257786267/09-798133515/02-4072971,4073023)

(9:00 AM-5:00 PM)ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်


ခြင်ဆေးခွေ

သုံးလျှင်

သတိယှဉ်

အောက်တွင်

ခံခွက်

မမေ့နှင့်

**ပလင်ငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ **MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ် . . .**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၈/ ၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ၆၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ထောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား၊ ဇန်နဝါရီ ၂၈ ရက် ည ၁၂နာရီအချိန်ထိ ရတနာပလ္လင်တော်ထက်သို့ ၆၈ ဒသမ ၆ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာန၌ ဒုတိယအကြိမ် ဌာပနာတော်သွင်းလှူပူဇော်နိုင်ရေး အသိပေးနိုးဆော်ခြင်း**

စာမျက်နှာ - ၁၇

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စက) မြောင်းမြမြို့နယ် စကားပြောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၁

**အကြိမ် (၄၀)မြောက် ကျိုင်းတုံမြို့နယ် လားဟူတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ**

စာမျက်နှာ - ၂၁

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



⛛ ကုမ္ပဏီအခမ်းအနားများ
⛛ ပြင်ပအစည်းအဝေးပွဲများ
⛛ ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
⛛ နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..